NICFI
Norway's International Climate and Forest Initiative

IWGIA

POINT
Promotion Of Indigenous and Nature Together
ပွိုင့်-ရိုးရာဝန်းကျင်မြှင့်တင်ရေးအဖွဲ့



**ပွိုင့် (ရိုးရာဝန်းကျင်မြှင့်တင်ရေးအဖွဲ့)**

FOR PEOPLE
FOR NATURE

အမှတ် (၆၈၇)၊ ကြို့ကုန်း ဧလမ်း(တောင်)၊ အရှေ့ကြို့ကုန်း၊ အင်းစိန် - ရန်ကုန်။
ရုံးဖုန်း / ၀၉-၂၅၄ ၂၄၉ ၄၉၄
ဖေ့(စ်)ဘွတ်လိပ်စာ / https://www.facebook.com/PromotionOfIndigenousandNatureTogether
အင်တာနက်လိပ်စာ / www.pointmyanmar.org
အီးမေးလ် / point.org.mm@gmail.com



အထွေထွေတိုက်တွန်းချက်အမှတ်စဉ် (၃၄)


# ကျေးလက်နေအမျိုးသမီးများ၏အခွင့်အရေးများ



## အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံမှုပပျောက်ရေးကော်မတီ

# မာတိကာ

၁။ နိဒါန်း

၂။ နောက်ခံသမိုင်း

၃။ ကျေးလက်နေအမျိုးသမီးများ၏အခွင့်အရေးများကို လေးစားကာကွယ်စောင့်ရှောက် ဖြည့်ဆည်းပေးရန် နိုင်ငံတော်၏ တာဝန်များကိုဆက်စပ်လွှမ်းခြုံခြင်း

(က) စာချုပ်ပါအပိုဒ်ခွဲ (၁) နှင့် (၂)

(ခ) စာချုပ်ပါအပိုဒ်ခွဲ ၁၄၊ စာပိုဒ် ၁

(ဂ) စာချုပ်ပါအပိုဒ်ခွဲ ၁၄၊ စာပိုဒ် ၁ကို
စာချုပ်ပါအပိုဒ်ခွဲ ၃၊ ၄၊ ၅၊ ၆၊ ၉၊ ၁၅၊ ၁၆နှင့် ယှဉ်လျက်ဖတ်ရန်

၄။ ကျေးလက်နေအမျိုးသမီးအခွင့်အရေးများ၏ အသေးစိတ်ရှုထောင့်နှင့် နိုင်ငံတော်၏ တာဝန်ဝတ္တရားများ၏ ဆက်နွယ်မှု

(က) ကျေးလက်နေအမျိုးသမီးများ၏ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအခန်းကဏ္ဍများတွင် ပါဝင်ပတ်သက်ခွင့်နှင့် အကျိုးကိုခံစားခွင့်

(ခ) ကျန်းမာရေးစောင့်ရှောက်ခြင်းဝန်ဆောင်မှုများ
(စာချုပ်ပါအပိုဒ်ခွဲ ၁၄၊ စာပိုဒ် ၂(ခ)၊နှင့်အတူ စာချုပ်ပါအပိုဒ်ခွဲ (၁၂) ကိုယှဉ်တွဲဖတ်ရန်)

(ဂ) လူမှုစီးပွားဘဝ (စာချုပ်ပါအပိုဒ်ခွဲ ၁၄၊ စာပိုဒ် ၂(ဂ)၊ နှင့်အတူ စာချုပ်ပါအပိုဒ်ခွဲ (၁၁)၊ စာပိုဒ် ၁(င)၊ ၂(ခ)၊ စာချုပ်ပါ အပိုဒ်ခွဲ ၁၃(က)ကို ယှဉ်တွဲဖတ်ရန်

(ဃ) ပညာရေး (စာချုပ်ပါအပိုဒ်ခွဲ ၁၄၊ စာပိုဒ်၂(ဃ)၊ နှင့်အတူ
စာချုပ်ပါအပိုဒ်ခွဲ ၁၀(က)ကို ယှဉ်တွဲဖတ်ရန်

(င) အလုပ်အကိုင်ရရှိမှု (စာချုပ်ပါအပိုဒ်ခွဲ ၁၄၊ စာပိုဒ် ၂(င)၊နှင့်အတူ
စာချုပ်ပါအပိုဒ်ခွဲ ၁၁ကို ယှဉ်တွဲဖတ်ရန်

(စ) နိုင်ငံရေးနှင့် အများပြည်သူဆိုင်ရာလူမှုဘဝ (စာချုပ်ပါအပိုဒ်ခွဲ ၁၄၊ စာပိုဒ် ၂(ခ)၊ ၂(စ)၊ နှင့်အတူ စာချုပ်ပါအပိုဒ်ခွဲ ၇ ကို ယှဉ်တွဲဖတ်ရန်

(ဆ) မြေယာနှင့် သဘာဝအရင်းအမြစ်များ (စာချုပ်ပါအပိုဒ်ခွဲ ၁၄၊ စာပိုဒ်၂(ဆ)နှင့်အတူ
စာချုပ်ပါအပိုဒ်ခွဲ ၁၃ ကို ယှဉ်တွဲဖတ်ရန်

(ဇ) လုံလောက်မှုရှိသောလူနေမှုအခြေအနေများ (စာချုပ်ပါအပိုဒ်ခွဲ ၁၄၊ စာပိုဒ် ၂(စျ)

(စျ) ဖွံ့ဖြိုးဆဲနိုင်ငံများမှ ကျေးလက်နေအမျိုးသမီးများ

## ၅။ ကျေးလက်နေအမျိုးသမီးများ၏အခြေအနေအချက်အလက်များ

## ၆။ ထိန်းချုပ်ခြင်း/ထုတ်ပြန်ကြေငြာခြင်း

## ၇။ အသိပေးဖြန့်ဝေခြင်းနှင့် အစီရင်ခံတင်ပြခြင်း

# ၁။ နိဒါန်း

၁. အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံမှုပပျောက်ရေးကော်မတီသည် ကျေးလက်နေအမျိုးသမီးများ၏ အရေးတကြီး လိုအပ်နေသော မိမိတို့အပေါ် အသိအမှတ်ပြုမှုတိုးတက်လာစေရန်နှင့် မိမိတို့၏ လူ့အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်နိုင်ရန် အထောက်အပံ့များမရှိမဖြစ်လို အပ်နေကြောင်းကို အသိအမှတ်ပြုပါသည်။ အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံမှုပပျောက်ရေးကော်မတီ၏ အရင်က အနှစ်ချုပ်လေ့လာတွေ့ရှိချက်များနှင့် အထွေထွေတိုက်တွန်းချက်များမှတဆင့် ကော်မတီသည် ကျေးလက်နေအမျိုးသမီးများ အဆက်မပြတ်ရင်ဆိုင်ကြုံတွေ့နေရလျက်ရှိသော ခွဲခြားဆက်ဆံခြင်းခံနေရသော နည်းလမ်းအမျိုးမျိုးကို ရှာဖွေဖော်ထုတ်ခဲ့ပြီးဖြစ်ပါသည်။ အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုပပျောက်ရေးဆိုင်ရာသဘောတူညီစာချုပ်(စီဒေါ)ပါ အပိုဒ်ခွဲ ၁၄ တွင် ကျေးလက်နေအမျိုးသမီးများ၏ တမူထူးခြားသောအခြေအနေနှင့် နိုင်ငံတော်မှ ၎င်းတို့၏အခွင့်အရေးများကို အသိမှတ်ပြုကာကွယ်မြှင့်တင်ပေးရန် တာဝန်ရှိကြောင်း အဓိကထားအသိပေးဖော်ပြထားသည့်အတိုင်း ယခု အထွေထွေထောက်ခံတိုက်တွန်းချက်တွင် ကော်မတီသည် နိုင်ငံတော်ကကျေးလက်နေ အမျိုးသမီးများ၏ အခွင့်အရေးများအပေါ် တာဝန်ရှိမှုများကို သေချာစေရန် အတိအကျ ရှင်းလင်းဖော်ပြထားပါသည်။

၂. စာချုပ်ပါအပိုဒ်ခွဲ ၁၄ သည် ကျေးလက်နေအမျိုးသမီးများ၏အခွင့်အရေးများနှင့်သာ သီးသန့်ဆက်စပ်ပံ့ပိုးပေးထားသည့်တစ်ခုတည်းသော နိုင်ငံတကာလူ့အခွင့်အရေးသဘောတူညီချက်တစ်ရပ်ဖြစ်သည်။ သို့သော်လည်း စာချုပ်ပါ အပိုဒ်ခွဲ (၁၄)အပါအဝင် စာချုပ်တွင်ပါဝင်သော အကြောင်းအရာများအားလုံးသည် ကျေးလက်နေအမျိုးသမီးများအတွက်လည်း အကျုံးဝင်သည်ဖြစ်သည်။ နိုင်ငံတော်အနေဖြင့် အစီရင်ခံစာတင်သွင်းသည့်အခါတွင် ကျေးလက်နေ အမျိုးသမီးများနှင့် အမျိုးသမီးငယ်လေးများ၏အခွင့်အရေးများနှင့်စပ်လျဉ်း၍ ဆန္ဒရှိစွာဖြင့်တာဝန်ယူဆောင်ရွက်နေပြီ ဖြစ်ကြောင်းကို အသိပေးဖော်ပြနိုင်ရမည်။ ယခုအထွေထွေထောက်ခံတိုက်တွန်းချက်မှာ စာချုပ်ပါအပိုဒ်ခွဲ (၁၄)နှင့် အဆိုပါ အပိုဒ်ပါ(၁၄)ကိုပံ့ပိုးပေးထားသည့်စာချုပ်ပါအကြောင်းအရာများအကြားဆက်စပ်မှုအရ လေ့လာဆန်းစစ်တွေ့ရှိ ထားမှုများဖြစ်ပါသည်။ အခြားသောရေရှည်ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်များတွင် ကျေးလက်နေအမျိုးသမီးများ၏ဘဝနေထိုင်မှုအခြေအနေများနှင့်၎င်းတို့အတွက်အထူးအခွင့်အလမ်းများရရှိနိုင်ရန် ကြိုတင်၍ လုပ်ငန်းစဉ်များနှင့် အကျိုးရလဒ်ညွှန်းကိန်းများကို ဖန်တီးထောက်ပံ့ပေးရမည်ဟုဖော်ပြထားသည့်နည်းတူ၊ ယခုအထွေထွေထောက်ခံ တိုက်တွန်းချက်သည် နိုင်ငံတော်၏ ကျေးလက်နေအမျိုးသမီးများအပေါ် မိမိတို့၏တာဝန်ရှိမှုများကို ဖော်ဆောင်ပေးရန်နှင့် ၎င်းတို့၏ အခွင့်ရေးများကိုလေးစားမှုရှိစေရန် အဓိကထားပြီး ရည်ရွယ်ပါသည်။ ဤအထွေထွေထောက်ခံတိုက်တွန်းချက်သည် ဖွံ့ဖြိုးဆဲနိုင်ငံများမှ ကျေးလက်နေအမျိုးသမီးများ၏အခွင့်အရေးများကို အဓိကထားရည်ရွယ်သော်လည်း အချို့အကြောင်းအရာများမှာ ဖွံ့ဖြိုးပြီးနိုင်ငံများမှ ကျေးလက်နေအမျိုးသမီးများ၏ အခွင့်အရေးများနှင့်ပါ ဆက်စပ်နေသည်ဖြစ်သည်။ ဖွံ့ဖြိုးပြီးနိုင်ငံများရှိ ကျေးလက်နေအမျိုးသမီးများသည်လည်း စီးပွားရေးအခွင့်အလမ်းများဖော်ဆောင်မှု၊ နိုင်ငံရေးအခန်းကဏ္ဍများတွင် ပါဝင်ခွင့်၊ ဝန်ဆောင်မှုများရရှိခံစားခွင့်၊ လုပ်အားအမြတ်ထုတ်ခံရခြင်းနှင့် ကျေးလက်နေရွှေ့ပြောင်းအမျိုးသမီးလုပ်သားများနှင့်သက်ဆိုင်သော အခန်းကဏ္ဍများတွင် ခွဲခြားဆက်ဆံမှုများနှင့် စိန်ခေါ်မှုအခက်ခဲ များကို ရင်ဆိုင်နေရဆဲဖြစ်ကြောင်း အသိမှတ်ပြုရမည်ဖြစ်သည်။

# ၂။ နောက်ခံသမိုင်း

၃. လက်ရှိတွင် ကျေးလက်နေအမျိုးသမီးများသည် ကမ္ဘာ့လူဦးရေအချိုးအစား၏ လေးပုံတစ်ပုံကို ကိုယ်စားပြုနေသည်။ ၎င်းတို့သည် ကျေးလက်နှင့်သက်ဆိုင်သည့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ရေရှည်တည်တံ့မှုနှင့် ဖွံ့ဖြိုးတိုးတက်ရန်လုပ်ဆောင်ခြင်း၊ ကျေးရွာအသိုက်အဝန်းများကို ပို၍အားကောင်းလာစေရန် ဆောင်ရွက်ပေးရာများတွင် အရေးပါသည့်အခန်းကဏ္ဍတွင် ပါဝင်နေသည်။ မကြာသေးမီနှစ်များအတွင်းတွင် ကော်မတီအနေဖြင့် အနှစ်ချုပ်လေ့လာတွေ့ရှိချက်များအရ ကျေးလက်နေအမျိုးသမီးများ၏ အခွင့်အရေးများအတွက်နှင့် ၎င်းတို့ရင်ဆိုင်ကြုံ

တွေ့နေရသော အခက်အခဲစိန်ခေါ်မှုများအတွက် အရေးပါထင်ရှားသောဥပဒေဆိုင်ရာကဏ္ဍတစ်ခုကို ဖန်တီးထားပေးပြီးဖြစ်သည်။ များစွာသော ကုလသမဂ္ဂအစည်းဝေးများတွင်လည်း ကျေးလက်အမျိုးသမီးများ၏ စိုက်ပျိုးရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေး၊ အစားအစာနှင့်အာဟာရနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်များတွင် အမျိုးသမီးများ၏အခန်းကဏ္ဍကို အသိမှတ်ပြုပြီးဖြစ်သည်။ [၁]ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်များတွင် ပါဝင်အသိမှတ်ပြုပြီးဖြစ်သောကြောင့် ကျေးလက်နေအမျိုးသမီးများအတွက် ရှေ့ဆက်တွင် အထူးအလေးထားဆောင်ရွက်သွားရမည်ဖြစ်သည်။

၄. ကော်မတီသည် ကျေးလက်နေအမျိုးသမီးများသည် ၎င်းတို့၏ လူ့အခွင့်အရေးများကို အပြည့်အဝခံစားရရှိနိုင်ရန်အတွက် စနစ်တကျသို့မဟုတ် ထပ်တထဲလဲဖြစ်ပေါ်နေသော အတားအဆီးများရှိနေကြောင်းနှင့် အချို့အကြောင်းအရာများမှာ အခြေအနေများကို ပိုမိုဆိုးရွားသွားစေသည်ကို သိရှိပါသည်။ နိုင်ငံအတော်များများတွင် ကျေးလက်နေအမျိုးသမီးများ၏ အခွင့်အရေးများနှင့်လိုအပ်ချက်များမှာ ဥပဒေ၊ နိုင်ငံတော်အဆင့် သို့မဟုတ် ဒေသတွင်းမူဝါဒများ၊ ဘဏ္ဍာရေးနှင့် ရင်းနှီးမြှုပ်နှံမှုမဟာဗျူဟာများအရ အဆင့်တိုင်းတွင် လုံလောက်စွာဖော်ဆောင်ပေးနိုင်မှုမရှိခြင်း သို့မဟုတ် လျစ်လျူရှုထားခြင်းကို ခံနေရဆဲဖြစ်ပါသည်။ ဥပဒေနှင့် မူဝါဒများတွင် ကျေးလက်နေအမျိုးသမီးများ၏ လူမှုအခြေအနေများကို ထည့်သွင်းစဉ်းစားခြင်းနှင့် အထူးဆောင်ရွက်မှုများကို ထည့်သွင်းထားသော်လည်း အများသောအားဖြင့် အကောင်ထည်ဖော်ဆောင်ရွက်ပေးနိုင်ခြင်းမရှိပေ။

၅. အချို့သောချွင်းချက်များမှအပ တစ်ကမ္ဘာလုံးရှိ ကျားမရေးရာအမျိုးစားများအားလုံးနှင့် ရရှိထားနိုင်ပြီးသော ဖွံ့ဖြိုးရေးညွှန်းကိန်းအချက်အလက်များအရ ကျေးလက်နေအမျိုးသမီးများမှာ ကျေးလက်နေအမျိုးသားများ၊ မြို့ပြနေအမျိုးသမီးများနှင့် အမျိုးသားများ၊ ဆင်းရဲမွဲတေမှုကို အချိုးအစားမညီမျှနေသည်ကို တွေ့ကြုံရပြီး ထည့်တွက်ခြင်းမခံရသော ကျေးလက်နေအမျိုးသမီးများတို့ထက် ပို၍ဆိုးရွားစွာ မမျှမတဆက်ဆံခံနေရပါသည်။ ၎င်းတို့သည် မြေယာနှင့် သဘာဝအရင်းမြစ်များကို ရယူနိုင်မှုကို စနစ်တကျခွဲခြားဆက်ဆံထားခြင်းများကို ရင်ဆိုင်နေရပါသည်။ ကျေးလက်နေအမျိုးသမီးများသည် အစားအစာထုတ်လုပ်ပြင်ဆင်ခြင်းနှင့် စောင့်ရှောက်ပြုစုခြင်း အလုပ်များကဲ့သို့သော အခကြေးငွေမရရှိသည့် အလုပ်တာဝန်များတွင် ပုံသေသတ်မှတ်ထားသော ကျားမရေးရာအခန်းကဏ္ဍများ၊ အိမ်တွင်းမမျှမတမှုများ၊ အခြေခံအဆောက်အအုံ(အဖွဲ့အစည်း)များနှင့် ဝန်ဆောင်မှုများမရှိခြင်းတို့ကြောင့် ဝန်ပိုအခက်အခဲများကို ထမ်းဆောင်နေရပါသည်။ အခကြေးငွေရရှိသောလုပ်ငန်းတွင် လုပ်ဆောင်နေသောအမျိုးသမီးများပင်လျှင် လုပ်ငန်းခွင်ဆိုင်ရာလုံခြုံမှုမရှိခြင်း၊ အန္တရာယ်များခြင်း၊ လုပ်ခလစာနည်းပါးခြင်းနှင့် လူမှုဖူလုံကာကွယ်မှုများမလုံလောက်ခြင်းစသည်တို့ကိုရင်ဆိုင်ကြုံတွေ့နေရပါသည်။၎င်းတို့မှာပညာတတ်မြောက်မှုနည်းပါးခြင်းကြောင့် လူကုန်ကူးခြင်းနှင့် အတင်းအဓမ္မလုပ်အားစေခိုင်းခြင်း ခံရနိုင်ရန်အန္တရာယ်အများဆုံးဖြစ်ပြီး အရွယ်မတိုင်မီအိမ်ထောင်ချပေးခြင်းနှင့် အခြားသော အန္တရာယ်ရှိသည့် လူမှုအဖွဲ့အစည်းအတွင်းရှိ အလေ့အကျင့်များကို ခံရနိုင်ခြေများသည်။ ၎င်းတို့သည် ကျန်းမာရေးစောင့်ရှောက်မှု ရရှိခံစားခွင့် အထူးသဖြင့်နည်းပါးခြင်းကြောင့် အာဟာရချို့တဲ့ခြင်းနှင့် ကြိုတင်ကာကွယ်နိုင်သောရောဂါများကို မကာကွယ်နိုင်ခြင်းကြောင့် ဖျားနာသေဆုံးခြင်းများကိုခံနေရနိုင်ခြေများနေသည်။

၆. ကျေးလက်နေအမျိုးသမီးများသည် ခေါင်းဆောင်မှုနှင့် ဆုံးဖြတ်ချက်ချမှတ်မှုများလုပ်ဆောင်နိုင်မှုများကို အဆင့်တိုင်းတွင်ထည့်သွင်းစဉ်းစားခြင်း မခံရသည်မှာလည်းများနေသည်။ ၎င်းတို့သည် ကျား/မ အခြေပြုအကြမ်းဖက်မှုများကို မမျှတစွာ ခံစားနေရခြင်းနှင့် ထိရောက်သောဥပဒေနှင့် တရားမျှတမှုကို လက်လှမ်းမီခြင်းမရှိပေ။ ထို့ကြောင့် အစိုးရအနေဖြင့် ကျေးလက်နေအမျိုးသမီးများကို မြှင့်တင်ပေးခြင်း၊ မိမိကိုယ်ကိုယ်ယုံကြည်မှုပိုရှိလာခြင်းနှင့် အဆင့်တိုင်းတွင် ဆုံးဖြတ်ချက်ချခြင်းများတွင် ပါဝင်ခြင်းစသည့် အခန်းကဏ္ဍများကို လျစ်လျူမရှုဘဲ ရှင်းလင်းစွာ သိရှိရမည်ဖြစ်သည်။ ထိုအခန်းကဏ္ဍများကို လျစ်လျူရှုခြင်းများဖြစ်ပေါ်လာပါက နိုင်ငံများအနေဖြင့် မိမိတို့၏ ကိုယ်ပိုင်လုပ်ငန်းစဉ်များ၏ တိုးတက်မှုကို ထိခိုက်နိုင်မည်ဖြစ်သည်။

[၁] နှစ်စဉ်အောက်တိုဘာလ (၁၅)ရက်နေ့ကို နိုင်ငံတကာကျေးလက်နေအမျိုးသမီးများနေ့ အဖြစ်သတ်မှတ်ထားရှိပြီးဖြစ်သည်။ အမျိုးသမီးများ၏လူမှုအခြေအနေကော်မရှင်၏ ၅၆ကြိမ်မြောက်အစည်းဝေး၏ အဓိကဦးစားပေးဆောင်ပုဒ်မှာလည်း ဆင်းရဲမွဲတေမှုနှင့်ငတ်မွတ်ခေါင်းပါးမှုတိုက်ဖျက်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လတ်တလောအခက်ခဲစိန်ခေါ်မှုများတွင် ကျေးလက်နေအမျိုးသမီးများ၏ပါဝင်မှုအခန်းကဏ္ဍကိုမြှင့်တင်ပေးရေးဖြစ်သည်။)

# ၃။ ကျေးလက်နေအမျိုးသမီးများ၏ အခွင့်အရေးများကို လေးစားကာကွယ် စောင့်ရှောက်ဖြည့်ဆည်းပေးရန် နိုင်ငံတော်၏ တာဝန်များကိုဆက်စပ် လွှမ်းခြုံခြင်း

## (က) စာချုပ်ပါအပိုဒ်ခွဲ(၁)နှင့် (၂)

၇. စာချုပ်ပါအပိုဒ်ခွဲ ၁ တွင်ပါဝင်သော ခွဲခြားဆက်ဆံမှုဆိုင်ရာအဓိပ္ပါယ်ဖွင့်ဆိုချက်သည် အမျိုးသမီးများအားလုံး အကျုံးဝင်သည်ဖြစ်ပြီး မည်သို့သောခွဲခြားဆက်ဆံခြင်းများနှင့်မဆို သက်ဆိုင်သည်ဖြစ်သည်။ သို့ဖြစ်ပါ၍ ဤစာတမ်းက ကျေးလက်နေအမျိုးသမီးများအတွက်လည်းဖြစ်သည်မှာ သက်သေပြစရာမလိုအောင် ရှင်းလင်းနေပြီးဖြစ်သည်။ စာချုပ်ပါ ကျေးလက်နေအမျိုးသမီးများနှင့် ဆက်ဆိုင်နေသည့် အပိုဒ်ခွဲ ၂ အား လိုက်နာသည့်အနေဖြင့် နိုင်ငံတော်သည် ၎င်းတို့ကိုခွဲခြားဆန့်ကျင်သည့် လုပ်ငန်းတာဝန်များစေခိုင်းခြင်းနှင့် ချန်ထားခြင်းလုပ်ရပ်များကို ရှောင်ကြဉ်ရမည် ဖြစ်သည်။

၈. ခွဲခြားဆက်ဆံခြင်း သို့တည်းမဟုတ် လုံလောက်မှုမရှိသောဥပဒေမူဘောင်များ၊ ရှုပ်ထွေးနေသောဥပဒေစနစ်များ၊ ပဋိပက္ခနှင့် ပဋိပက္ခလွန်အခြေအနေများ၊ သတင်းအချက်အလက်မရရှိမှုနှင့် လူမှုယဉ်ကျေးမှုကန့်သတ်မှုများသည် ပေါင်းစပ်သွားနိုင်ပြီး ကျေးလက်နေအမျိုးသမီးများ တရားမျှတမှုရရှိနိုင်ရန်အတွက် လက်လှမ်းမမီနိုင်ခြင်းကိုဖြစ်စေသည်။ ခွဲခြားဆက်ဆံသတ်မှတ်ထားသော ပုံသေသွင်းမှုများနှင့် အလေ့အထများကို အားပေးနေသည့် အချက်များတွင် (အထူးသဖြင့် ကျေးလက်ဒေသများတွင်) ပဋိပက္ခကိုဖြစ်ပေါ်စေနိုင်ပြီး ထပ်ခါတလဲလဲအသုံးပြုနေသည့် ဓလေ့ထုံးတမ်းများ၊ ဘာသာရေးထုံးတမ်းဥပဒေများနှင့် အာဏာပိုင်များ အပြိုင်တည်ရှိနေမှုများကြောင့်ဖြစ်သည်။ ကျေးလက်နေမျိုးသမီး များနှင့် အမျိုးသမီးငယ်များသည် အငြင်းပွားစရာကိစ္စရပ်များကို ဖြေရှင်းရာတွင် တရားဥပဒေလမ်းကြောင်းအရမဟုတ်သော တရားစီရင်ရေးနည်းလမ်းများကို အသုံးပြုသည့် လူမှုအဖွဲ့အစည်းများအတွင်းတွင် အများသောအားဖြင့် နေထိုင်ကြရသည်။ ထိုသို့သော ဥပဒေပြင်ပတရားစီရင်ရေးနည်းလမ်းများကိုသာ ပို၍လက်လှမ်းမီနိုင်သော ကျေးလက်နေအမျိုးသမီးများအတွက် ယင်းသို့သောအခြေအနေများသည် အထွေထွေထောက်ခံတိုက်တွန်းချက် အမှတ်၃၃(၂၀၁၅)တွင်ပါဝင်သည့် အမျိုးသမီးများ၏ တရားမျှတမှုကို ရရှိခံစားခွင့်ဟူသော အချက်နှင့် ကိုက်ညီခြင်းမရှိပေ။

၉. နိုင်ငံတော်အနေဖြင့် အထွေထွေထောက်ခံတိုက်တွန်းချက် အမှတ် ၃၃(၂၀၁၅)နှင့်ကိုက်ညီစွာ ကျေးလက်နေအမျိုးသမီးများအတွက် ဥပဒေမူဘောင်များသည် ခွဲခြားဆက်ဆံမှုကင်းသည်ကိုသေချာစေရန်နှင့် တရားမျှတမှုကိုလက်လှမ်းမီနိုင်စေရန် အောက်ပါအချက်အလက်များအပါအဝင်အာမခံနိုင်ရမည်။

(က) လက်ရှိအသုံးပြုနေသောဥပဒေများ ကျေးလက်နေအမျိုးသမီးများ၏ တရားမျှတမှုကိုရရှိခံစားခွင့်ကို မည်သို့အကျိုးသက်ရောက်မှုရှိနေသည်ကိုကျားမရေးရာ အကျိုးသက်ရောက်မှုများကို လေ့လာသုံးသပ်မှုပြုလုပ်ခြင်း။

(ခ) ကျေးလက်နေအမျိုးသမီးများအနေဖြင့် တရားမျှတမှုကို ရရှိခံစားနိုင်ရန်အတွက် ၎င်းတို့အတွက် ရှုပ်ထွေးများပြားလှသော တရားစီရင်ရေးနည်းစနစ်များ တစ်ခုနှင့်တစ်ခုအကြား ပတ်သက်နီးနွှယ်နေသော ပဋိပက္ခများကိုလျှော့ချပေးရန်အတွက် တရားဥပဒေပြုကာထုတ်ပြန်ဖော်ဆောင်ပေးခြင်း။

(ဂ) ကျေးလက်နေအမျိုးသမီးများ တရားဥပဒေနှင့်သက်ဆိုင်သည့် အသိပညာများတိုးပွားလာစေရန် ၎င်းတို့ရရှိရမည့် ဥပဒေဆိုင်ရာအခွင့်အရေးများနှင့် လက်ရှိတည်ရှိနေသော ဥပဒေနည်းစနစ်အမျိုးမျိုး (လျော်ညီသောဒေသများတွင်)နှင့် သက်ဆိုင်သည့် သတင်းအချက်အလက်များပေးခြင်း။

(ဃ) ကျေးလက်နေအမျိုးသမီးများအတွက် ဥပဒေဆိုင်ရာဝန်ဆောင်မှုနှင့် ပံ့ပိုးကူညီမှုများသည် အခမဲ့ သို့မဟုတ် ၎င်းတတ်နိုင်သောအနေအထားတစ်ခုဖြစ်သည်ကို သေချာစေခြင်း။

(င) ကျားမရေးရာ အလေးထားတုံ့ပြန်ဆောင်ရွက်ပေးသည့် တရားစီရင်ရေး၊ တရားစီရင်ရေးနည်းလမ်းများနှင့် ကျေးလက်နေအမျိုးသမီးများ၏ တရားဥပဒေဆိုင်ရာပံ့ပိုးမှုကို မြှင့်တင်ပေးခြင်း။

(စ) ကျေးလက်နေအမျိုးသမီးများအတွက် တရားမျှတမှုကို လက်လှမ်းမီနိုင်ရန် ကာဆီးနေသောအခက်အခဲများကို တရားဥပဒေအရနှင့် တရားဥပဒေပြင်ပတရားစီရင်ရေး ယန္တရားများသာမက သမားရိုးကျမဟုတ်သော အငြင်းပွားမှုဖြေရှင်းမှုနည်းလမ်းများကိုပါ ၎င်းတို့အတွက် ရရှိနိုင်သည်မှာသေချာစေခြင်းအားဖြင့် စနစ်တကျ ပယ်ဖျက်ပေးခြင်း။

(ဆ) ကျေးလက်နေအမျိုးသမီးများသည် မိမိကိုယ်တိုင် တရားရုံးနှင့် တရားစီရင်ရေးယန္တရားများကို လက်လှမ်းမီနိုင်သည်ကိုသေချာစေခြင်း။ (ဥပမာ – ကျေးလက်နေအမျိုးသမီးများ လက်လှမ်းမီနိုင်သောရွေ့လျား တရားရုံးများဖန်တီး ပေးခြင်း)

(ဇ) တရားစီရင်ရေးဝန်ထမ်းများ၊ ရှေ့နေများ၊ ဥပဒေလိုက်နာစေရန်ဖော်ဆောင်နေသောအရာရှိများ၊ ဥပဒေထောက်ကူပြုများ၊ ရိုးရာအစဉ်အလာခေါင်းဆောင်များ၊ အခြားသက်ဆိုင်သည့် အာဏာပိုင်များနှင့် ကျေးလက်ဒေသများရှိ အရာရှိများကို ကျေးလက်နေအမျိုးသမီးများ၏ အခွင့်အရေးများနှင့် ၎င်းတို့အပေါ် ခွဲခြားဆက်ဆံမှုများ၏ မကောင်းသော အကျိုးသက်ရောက်မှုများနှင့်ပတ်သက်သည့် သင်တန်းများပေးခြင်း။

၁၀. ကျေးလက်နေအမျိုးသမီးများအပေါ်ခွဲခြားဆက်ဆံမှုတွင် ကျားမရေးရာမမျှတမှုများ၏ အကျိုးရလဒ်တစ်ခုဖြစ်သော အကြီးစားစီးပွားရေးလုပ်ငန်း အရင်းမြစ်များအကြောင်းကိုလည်း ထည့်တွက်ရမည်ဖြစ်သည်။ ကျေးလက်နေအမျိုးသမီးများ၊ လုပ်ခလစာမရရှိသည့်အလုပ်များကို လုပ်ကိုင်နေရသည့် အမျိုးသမီးငယ်များနှင့် ၎င်းတို့သည် နိုင်ငံ၏ ပြည်တွင်းစုပေါင်းထုတ်ကုန်စွမ်းအား(GDP)တွင် ပါဝင်ပံ့ပိုးပေးနေသည်ကို နိုင်ငံများသည် အသိမှတ်ပြုရန် မကြာခဏမေ့လျော့ နေတတ်ကြသည်။ နှစ်နိုင်ငံနှင့် နှစ်နိုင်ငံအထက် ကုန်သွယ်မှုသဘောတူစာချုပ်များ၊ အခွန်အခများနှင့် အခြားသောစီးပွားရေးနှင့် အခွန်အခနှင့်ဆိုင်သော မူဝါဒများသည် ကျေးလက်နေအမျိုးသမီးများ၏ ဘဝနေထိုင်ရပ်တည်မှုအပေါ် မကောင်းသော ထင်ရှားသည့်အကျိုးသက်ရောက်မှုရှိနိုင်သည်။ ရာသီဥတုဖောက်ပြန်မှုနှင့် သဘာဝဘေးအန္တရာယ်များအပါအဝင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာကိစ္စရပ်များကို အစပြုစေသော သဘာဝအရင်းအမြစ်များကို အကန့်သတ်မဲ့ ထုတ်ယူသုံးစွဲမှုများနှင့် စွန့်ပစ်ပစ္စည်းများကိုစီမံခန့်ခွဲမှုညံ့ဖျင်းခြင်းများသည် ကျေးလက်နေအမျိုးသီးများ၏ ကောင်းကျိုးချမ်းသာကျန်းမာမှုအပေါ် အန္တရာယ်ရှိသောသက်ရောက်မှုများ ဖြစ်ပေါ်စေနိုင်သည်။

၁၁. နိုင်ငံတော်သည် ကုန်သွယ်ခြင်းအပါဝင် အကြီးစားစီးပွားရေးလုပ်ငန်းမူဝါဒများ၊ အခွန်တော်နှင့် ရင်းနှီးမြှုပ်နှံမှုမူဝါဒများ၊ နှစ်နိုင်ငံနှင့် နှစ်နိုင်ငံအထက် ကုန်သွယ်မှုသဘောတူစာချုပ်များသည် ကျေးလက်နေအမျိုးသမီးများ၏ လိုအပ်မှုများနှင့် အသေးစားထုတ်ကုန်နှင့် ရင်းနှီးမြှုပ်နှံမှုကိုလုပ်ကိုင်နေကြသော အမျိုးသမီးလုပ်ငန်းရှင်များအတွက် တာဝန်ယူတုံ့ပြန်ဆောင်ရွက်မှုပြုပေးရမည်ကို သေချာအောင်ပြုလုပ်ပေးရမည်ဖြစ်သည်။

၁၂. နိုင်ငံတော်သည် ကျေးလက်နေအမျိုးသမီးများအပေါ်တွင် သီးသန့်အန္တရာယ်ကျရောက်မည့် အရိပ်အယောင်ပြနေသည့် ရာသီဥတုဖောက်ပြန်ခြင်း၊ သဘာဝဘေးအန္တရာယ်များ၊ မြေလွှာနှင့် မြေဆီလွှာခမ်းခြောက်ခြင်း၊ ရေညစ်ညမ်းခြင်း၊ မိုးခေါင်ရေရှားခြင်း၊ ရေကြီးခြင်း၊ ဇီဝအရင်းမြစ်များခိုးယူခြင်းနှင့် ဇီဝမျိုးကွဲများဆုံးရှုံးခြင်းများကို အသိပေးရမည်ဖြစ်သည်။ နိုင်ငံတော်သည် ထိုခြိမ်းခြောက်နေသောအန္တရာယ်များကို နည်းပါးသွားစေရန် လျှော့ချပေးရမည်ဖြစ်ပြီး ကျေးလက်နေအမျိုးသမီးများအနေဖြင့် လုံခြုံ၊ သန့်ရှင်းပြီး ကျန်းမာရေးနှင့်ညီညွှတ်သော ပတ်ဝန်းကျင်တွင် နေထိုင်နိုင်ရန် သေချာအောင်ပြုလုပ်ပေးရမည်ဖြစ်သည်။ နိုင်ငံတော်သည် ကျေးလက်နေအမျိုးသမီး အပေါ်သက်ရောက်မှုရှိသည့် သဘာဝပတ်ဝန်းကျင်၊ ရာသီဥတုဖောက်ပြန်ခြင်း၊ သဘာဝဘေးအန္တရာယ်လျှော့ချခြင်း၊ ကြိုတင်ပြင်ဆင်ခြင်းနှင့် စီမံခန့်ခွဲခြင်းကို အသိပေးခြင်းများနှင့် ၎င်းကိစ္စရပ်များနှင့်သက်ဆိုင်သည့် လုပ်ငန်းအစီအစဉ်ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း မူဝါဒရေးဆွဲခြင်းများတွင် ကျေးလက်နေအမျိုးသမီးများ ပါဝင်မှုရှိသည်မှာ သေချာစေရမည်။ နိုင်ငံတော်သည် မည်သည့်သဘာဝဘေးအန္တရာယ်နှင့် အကြပ်အတည်းမျိုးတွင်မဆို ကျေးလက်နေအမျိုးသမီးများနှင့် အမျိုးသမီးငယ်များကို အကာအကွယ်ပေးရန်နှင့် လုံခြုံမှုပေးနိုင်သည်မှာ သေချာစေရန်အတွက်လည်း ကြိုတင်သတိပေးခြင်း၊ ပြန်လည်ကုသပေးခြင်း၊ ပြန်လည်ထူထောင်ပေးခြင်းနှင့် ပြန်လည်တည်ဆောက်ခြင်းလုပ်ငန်းများကို အစဉ်လိုက်လုပ်ဆောင်ပေးသွားသင့်သည်။

၁၃. နိုင်ငံတော်သည် နိုင်ငံ၏နယ်နိမိတ်ပြင်ပ သို့မဟုတ် နယ်နိမိတ်အတွင်းတွင်ရှိနေသော နိုင်ငံတော်မှ တရားစီရင်ပိုင်ခွင့်မဟုတ်သည့် တာဝန်ရှိသူများနှင့် ၎င်းတို့၏ တရားစီရင်ပိုင်ခွင့်ကိစ္စရပ်များကို ပူးပေါင်းဆောင်ရွက်ရန် လိုက်နာရမည်။ အထွေထွေထောက်ခံ တိုက်တွန်းချက် ၂၈ (၂၀၁၀)တွင် စာချုပ်ပါအပိုဒ်ခွဲ ၂အောက်ပါ နိုင်ငံတော်၏အဓိကတာဝန်ဝတ္တရားများအနက် စာချုပ်ပါအပိုဒ်ခွဲ၂(င)အရ ပုဂ္ဂလိကမှဖြစ်စေ လူအများစုမှဖြစ်စေ အမျိုးသမီးများအပေါ်ခွဲခြားဆက်ဆံမှုများကို ဖယ်ရှားရန် နိုင်ငံနယ်နိမိတ်ပြင်ပတွင် နိုင်ငံတော်အဆင့် ပူးပေါင်းဆောင်ရွက်ရန်ကိစ္စရပ်များရှိလာပါက လိုအပ်သော လုပ်ဆောင်မှုများကို ထပ်မံ၍ခိုင်မာအောင် ပြုလုပ်ရမည်။ နိုင်ငံတော်၏ နယ်နိမိတ်ပြင်ပရှိ ကျေးလက်နေအမျိုးသမီးများ အပေါ်ထားရှိရမည့် မိမိတို့တာဝန်ဝတ္တရားကို လက်ကိုင်ထားသည့်အနေဖြင့် ၎င်းတို့၏အခွင့်အရေးကို အပြည့်အဝရရှိခံစားမှုကို တိုက်ရိုက်ဖြစ်စေ သွယ်ဝိုက်သောနည်းနှင့်ဖြစ်စေ ကြားဝင်နှောက်ယှက်ခြင်းမပြုရပါ။ ထို့နည်းတူ ကျေးလက်နေအမျိုးသမီးများအပေါ် နယ်နိမိတ်ပြင်ပတွင် လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ချင်းမှဖြစ်စေ၊ ကုမ္ပဏီများနှင့် ထင်ရှားသောအဖွဲ့စည်းတစ်ရပ်မှဖြစ်စေ ၎င်းတို့၏ အခွင့်အရေးများကို ချိုးဖောက်ခြင်း အလွဲသုံးစားပြုခြင်းများကို ကာကွယ်စောင့်ရှောက်ရန်အတွက် မိမိတို့၏ တရားစီရင်ပိုင်ခွင့်အောက်တွင် အရေးယူဆောင်ရွက်ရန် အခွင့်အာဏာကို နှစ်နိုင်ငံကြားဖြစ်စေ၊ နိုင်ငံများအကြားဖြစ်စေ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများနှင့် ဖွံ့ဖြိုးမှုအထောက်ပံ့များကို တိုးတက်အောင်လုပ်ဆောင်ခြင်းဖြင့် အရယူရမည်။ နိုင်ငံတော်သည် မိမိတို့၏ နယ်နိမိတ်ပြင်ပမှ တာဝန်ဝတ္တရားများကို ချိုးဖောက်ခြင်းပြုလုပ်မိသောအခါ ခံစားရရှိခဲ့သောကျေးလက်နေအမျိုးသမီးများအတွက် သင့်လျော်ပြီးထိရောက်မှုရှိ သော ကုစားမှုများရရှိသင့်သည်။

၁၄. အထွေထွေထောက်ခံတိုက်တွန်းချက် ၂၈နှင့် တသားတည်းဖြစ်စေရန် နိုင်ငံတော်သည် ကျေးလက်နေအမျိုးသမီးများသည် တူညီသောလူများသာရှိသော အစုအဖွဲ့မဟုတ်ခြင်းနှင့် ခွဲခြားဆက်ဆံမှုများနှင့် မကြာခဏရင်ဆိုင်နေရကြောင်းကို အသိမှတ်ပြုရမည်ဖြစ်သည်။ ကျေးလက်ဒေသတွင်နေထိုင်သော အများစုသောဒေသခံအမျိုးသမီးများနှင့် အာဖရိကန်မျိုးနွယ်စုမှ ဆင်းသက်လာသောအမျိုးသမီးများသည် ၎င်းတို့၏ မျိုးနွယ်စု၊ ဘာသာစကား၊ အစဉ်လာအားဖြင့် ဘဝနေထိုင်မှုပုံစံများကြောင့် ခွဲခြားဆက်ဆံမှုကိုခံစားနေရသည်။ အခြားသော တိုင်းရင်းသားနှင့် ဘာသာဝင် လူနည်းစုနှင့် အိမ်ထောင်ကိုဦးစီးနေရသောအမျိုးသမီးများသည်လည်း ဆင်းရဲမွဲတေမှုနှင့် လူမှုအသိုင်းဝန်းမှ ဖယ်ကြဉ်မှုဒဏ်များကို အမြင့်ဆုံးရင်ဆိုင်ခံစားနေရသည်။ ကျေးလက်ဒေသတွင်အလုပ်လုပ်ကိုင်နေကြသည့် တောင်ယာ၊ မွေးမြူရေးနှင့် ငါးဖမ်းလုပ်သမများ၊ မြေယာမဲ့များနှင့် ရွှေ့ပြောင်းလုပ်သမ များအပါအဝင် အမျိုးသမီးများသည် ခွဲခြား၍နှိမ့်ချဆက်ဆံခြင်းများကို မမျှတစွာခံစားနေရသည်။ အထွေထွေထောက်ခံတိုက်တွန်းချက် အမှတ် ၁၈(၁၉၉၁)တွင် မသန်စွမ်းအမျိုးသမီးများ (အထူးသဖြင့်ကျေးလက်ဒေသတွင်နေထိုင်သော)သည် အခန်းကဏ္ဍတိုင်းတွင် အခြားသူများနှင့်မတူသည့် စိန်ခေါ်မှုများကိုရင်ဆိုင်ကြုံတွေ့နေရကြောင်းကို အသိမှတ်ပြုထားပါသည်။ ခွဲခြားဆက်ဆံမှုများရှိလာခြင်းမှာ ကျေးလက်ဒေသများတွင် လျှပ်စစ်မီး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ ကလေးသူငယ်နှင့် သက်ကြီးရွယ်အိုစောင့်ရှောက်မှုနှင့် ပညာတတ်မြောက်ရေးတွင်ပါဝင်ခွင့် ဝန်ဆောင်မှုများမရရှိခြင်းများ စုပေါင်းသွားခြင်းကြောင့်ဖြစ်သည်။ အထွေထွေထောက်ခံတိုက်တွန်းချက် ၂၇(၂၀၁၀) သက်ကြီးရွယ်အိုအမျိုးသမီးနှင့် ၎င်းတို့၏လူ့အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ခြင်းတွင် ကျေးလက်ဒေသရှိ သက်ကြီးရွယ်အိုအမျိုးသမီးများနှင့် မုဆိုးမများအပေါ် လေးစားရိုသေခံရမှုမရှိခြင်း ဖယ်ကြဉ်ထားမှုများသည် အန္တရာယ်ကြီးမားသည့် ဆိုးရွားစွာဆက်ဆံခံရမှု များဆီသို့တွန်းပို့နေသည်ဟု ယူဆထားပါသည်။ ထို့နည်းတူ ကျေးလက်ဒေသရှိ အမျိုးသမီးများ၊ အိမ်ထောင်ကို ဦးဆောင်နေရသောအမျိုးသမီးများ၊ ပဋိပက္ခဖြစ်ပွားရာဒေသရှိအမျိုးသမီးများသည်လည်း စိုးရိမ်ရသောလုံခြုံရေးအခြေအနေနှင့် ၎င်းတို့၏အခွင့်အရေးများကို နားလည်သဘောပေါက်နိုင်ရန်အတွက် အတားအဆီးများကိုလည်းဆက်လက်ရင်ဆိုင်နေရသည်။

၁၅. နိုင်ငံတော်သည် ကျေးလက်ဒေသရှိအမျိုးသမီးအစုအဖွဲ့များကို ဖယ်ကြဉ်ထားပြီး ၎င်းတို့၏ အကျိုးကိုထိခိုက်စေသည့် ခွဲခြားဆက်ဆံမှုနည်းမျိုးစုံကို ပပျောက်အောင်လုပ်ဆောင်ပေးရမည်ဖြစ်သည်။ သာဓကအနေဖြင့် နိုင်ငံတော်သည် ကျေးလက်ဒေသရှိ ဖယ်ကြဉ်ထားခံရပြီး ၎င်းတို့၏ အကျိုးထိခိုက်နေသည့် အမျိုးသမီးများ၊ ဒေသခံအမျိုးသမီးများ၊ အာဖရိကန်မျိုးနွယ်စုမှ ဆင်းသက်လာသောအမျိုးသမီးများ၊ လူနည်းစုတိုင်းရင်းသားနှင့် ဘာသာရေးအဖွဲ့အစည်းမှ အမျိုးသမီးများ၊ အိမ်ထောင်ကိုဦးစီးနေရသည့်အမျိုးသမီးများ၊ တောင်ယာ၊ ကျေးရွာသာရေးနာရေးနှင့် ငါးဖမ်းလုပ်ငန်းတွင် လုပ်ကိုင်နေသောအမျိုးသမီးများ၊ ရွှေ့ပြောင်းလုပ်သမများ၊ မြေယာမဲ့အမျိုးသမီးများနှင့် ပဋိပက္ခ

ဖြစ်ပွားရာဒေသရှိ အမျိုးသမီးအပေါ် နည်းမျိုးစုံဖြင့်ခွဲခြားဆက်ဆံမှုများမှ ကာကွယ်စောင့်ရှောက်မှုရရှိနေမှုနှင့် ပညာသင်ကြားခွင့်၊ အလုပ်အကိုင်ရရှိခွင့်၊ သန့်ရှင်းသောရေနှင့် မိလ္လာစနစ်၊ ကျန်းမာရေးစောင့်ရှောက်မှုအစရှိသည်များကို လက်လှမ်းမီနိုင်သည်မှာ သေချာစေရန်ပြုလုပ်ပေးသင့်သည်။ နိုင်ငံတော်သည် မသန်စွမ်းအမျိုးသမီးများသည်လည်း အခွင့်အအရေးများကို ထပ်တူအပြည့်အဝရရှိခံစားရသည်မှာ သေချာစေရန်နှင့် ဝန်ဆောင်မှုလုပ်ငန်းများ နှင့် အဆောက်အအုံများသည် ၎င်းတို့ လက်လှမ်းမီနိုင်သည့်နေရာတွင်ရှိသည်မှာ သေချာစေရန်အတွက် မူဝါဒများနှင့် လုပ်ငန်းအစီစဉ်များကိုရေးဆွဲသင့်သည်။ နိုင်ငံတော်သည် ကျေးလက်ဒေသရှိ သက်ကြီးရွယ်အိုအမျိုးသမီးများသည်လည်း ထို့နည်းတူစွာ လူမှုရေးဝန်ဆောင်မှုများနှင့် လူမှုလုံခြုံမှုကို လုံလောက်စွာရရှိသည်မှာ သေချာသင့်သည်။ ကျေးလက်ဒေသရှိ သက်ကြီးရွယ်အိုအမျိုးသမီးများ ဂုဏ်သိက္ခာရှိရှိနှင့် စီးပွားရေးခိုင်မာစွာဖြင့် ရပ်တည်နိုင်ရေးအတွက် ငွေကြေးဝန်ဆောင်မှုနှင့် လူမှုလုံခြုံမှုများရရှိရမည်ဖြစ်သည်။

## (ခ) စာချုပ်ပါအပိုဒ်ခွဲ(၁၄)နှင့် (၁)

၁၆. စာချုပ်ပါအပိုဒ်ခွဲ ၁၄ စာပိုဒ်၁ အရနိုင်ငံတော်သည် ကျေးလက်ဒေသနေအမျိုးသမီးများ၏ အခက်ခဲပြဿနာများ၊ စီးပွားရေးအရမိသားစု အသက်ရှင်ရပ်တည်နိုင်ရေးနှင့် စီးပွားရေးကဏ္ဍများမှ ၎င်းတို့လုပ်ကိုင်နေရသည့် ဝင်ငွေမရရှိသောအလုပ်များကို ထည့်သွင်းစဉ်းစားရန်လိုအပ်ပါသည်။ အားလုံးပါဝင်ပြီး ရေရှည်တည်တံ့သောဖွံ့ဖြိုးတိုးတက်မှုဖြင့် ကျေးလက်နေအမျိုးသမီးများ၏ အခွင့်အရေး၊ ၎င်းတို့ကို အဓိကပါဝင်လုပ်ဆောင်သူများအဖြစ် အလေးအနက်ထားမှုနှင့် ၎င်းတို့လုပ်ဆောင်နေရသော ဝင်ငွေရရှိ သို့မဟုတ် ဝင်ငွေမရသော အလုပ်များ၏ စီးပွားရေးတန်ဖိုးများကိုသိရှိစေရန် ထောက်ပံ့ပေးရမည်ဖြစ်သည်။

၁၇. နိုင်ငံတော်သည် အားလုံးပါဝင်ပြီး ရေရှည်တည်တံ့သောစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို မြင့်တင်ခြင်းအားဖြင့် ကျေးလက်နေအမျိုးသမီးများ မိမိတို့အခွင့်အရေးကို အပြည့်အဝရရှိခံစားလာနိုင်စေ ရန်လုပ်ဆောင်ပေးရမည်ဖြစ်ပြီး –

(က) ဒေသတွင်း/ နိုင်ငံတွင်းရှိစီးပွားရေးလုပ်ငန်းများနှင့် အစားအသောက်ထုတ်ကုန်လုပ်ငန်းများ၊ မိသားစုနှင့် ရပ်ရွာ၏ အကျိုးသယ်ပိုးသည့်အလုပ်များ၊ ဝင်ငွေမရသော စောင့်ရှောက်ဝန်ဆောင်မှုအလုပ်များနှင့် မိသားစုလယ်ယာလုပ်ငန်းများအတွင်းမှ၎င်းတို့၏အရေးပါသောပါဝင်လုပ်ဆောင်မှုများကိုအထွေထွေထောက်ခံတိုက်တွန်းချက် ၁၇ (၁၉၉၁)၊ အကျိုးအမြတ်မရရှိသော အိမ်မှုကိစ္စများတွင် အမျိုးသမီးများပါဝင်မှုအတိုင်းအတာနှင့် အရည်အချင်းများ၊ နိုင်ငံထုတ် ကုန်စုပေါင်းရလဒ် (GNP)တွင် အသိမှတ်ပြုမှုနှင့် တသားတည်းဖြစ်စေရန် အသိမှတ်ပြုခြင်း၊

(ခ) ၎င်းတို့၏ စွမ်းအားများမြှင့်တင်ပေးခြင်းနှင့် အထွေထွေထောက်ခံတိုက်တွန်းချက် ၂၅(၂၀၀၄)နှင့် သင့်လျော်သော ကျေးလက်နေအမျိုးသမီးများ၏ စီးပွားရေးအခြေအနေဖွံ့ဖြိုးတိုးတက်မှုကို အဓိကထားသည့် လုပ်ငန်းအစီစဉ်များနှင့် မူဝါဒများနှင့် ယာယီအထူးလုပ်ဆောင်ချက်များ ရရှိနိုင်သည့်ပတ်ဝန်းကျင်များကို ဖန်တီးပေးခြင်းအားဖြင့် အမှီခိုကင်းစွာရပ်တည်နိုင်သည်ကို သေချာစေခြင်း၊

(ဂ) ကျန်းမာရေး၊ ပညာရေး၊ အလုပ်အကိုင်ရရှိမှု၊ လူမှုလုံခြုံရေးများနှင့် ဆက်စပ်လျက်ရှိနေသော ကိစ္စရပ်များကို ၎င်းတို့၏အကျိုးအမြတ်များကို ထိထိရောက်ရောက်နှင့် တိုက်ရိုက်ခံစားနိုင်သည်ကို သေချာစေရန် သင့်လျော်သည့် လုပ်ငန်းအစီစဉ်များကို မဟာဗျူဟာချမှတ်ခြင်း၊ ဒီဇိုင်းရေးဆွဲခြင်းနှင့် အကောင်ထည်ဖော်ဆောင်ရွက်ခြင်းလုပ်ငန်းများတွင် ပါဝင်စေခြင်း။

## (ဂ) စာချုပ်ပါအပိုဒ်ခွဲ ၁၄၊ စာပိုဒ် ၁ကို စာချုပ်ပါအပိုဒ်ခွဲ ၃၊ ၄၊ ၅၊ ၆၊ ၉၊ ၁၅၊ ၁၆နှင့် ယှဉ်လျက်ဖတ်ရန်

၁၈. စာချုပ်ပါအပိုဒ်ခွဲ ၃တွင် နိုင်ငံတော်သည် အမျိုးသမီးများကိုအဆင့်မြှင့်တင်ပေးပြီး ဖွံ့ဖြိုးတိုးတက်လာသည်ကို

သေချာစေရန် ဥပဒေပြုခြင်းအပါအဝင် အခန်းကဏ္ဍအားလုံးတွင် သင့်လျော်သောလုပ်ဆောင်မှုများအားလုံးကို လုပ်ဆောင်ပေးမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

၁၉. နိုင်ငံတော်သည် ထိရောက်မှုရှိသော ဥပဒေများ၊ မူဝါဒများ၊ ဝတ္တရားများ၊ လုပ်ငန်းအစီအစဉ်များ၊ စီမံခန့်ခွဲမှု လုပ်ထုံးလုပ်နည်းများနှင့် အဖွဲ့အစည်း၏ ဖွဲ့စည်းတည်ဆောက်ပုံများကို လက်ခံကျင့်သုံးခြင်းဖြင့် ကျေးလက်နေအမျိုးသမီးများ လူ့အခွင့်အရေးနှင့် အခြေခံကျသောလွတ်လပ်ခွင့်များကို အမျိုးသားများနှင့်နည်း တူမျှတစွာ အပြည့်အဝခံစားရရှိ ကျင့်သုံးနိုင်သည်မှာ သေချာရန်လုပ်ဆောင်ပေးရမည်။

၂၀. စာချုပ်ပါအပိုဒ်ခွဲ ၄၊စာပိုဒ်၁အရနိုင်ငံတော်အနေဖြင့် ဆုံးဖြတ်ချက်ချခြင်းကဏ္ဍများနှင့် အရင်းအမြစ်များကိုပြန်လည်ခွဲဝေပေးခြင်းအပါအဝင် ယာယီအထူးလုပ်ဆောင်ချက်များကို စစ်မှန်သောညီမျှမှုကိုရရှိရန် အရှိန်အဟုန်ဖြင့် လုပ်ဆောင် ပေးရန်လိုအပ်ပါသည်။ အထွေထွေထောက်ခံတိုက်တွန်းချက် ၂၅ တွင်ကျေးလက် နေအမျိုးသမီးများအပါအဝင် နည်းမျိုးစုံဖြင့် ခွဲခြား၍ နှိမ့်ချဆက်ဆံခြင်းခံနေရသောအမျိုးသမီးများအတွက် တိုက်ရိုက်ယာယီအထူးလုပ်ဆောင်မှုများကို လိုအပ်သည့်နေရာတွင်လုပ်ဆောင်ပေးရန် အထူးအားစိုက်ဖော်ပြထားပါသည်။

၂၁. နိုင်ငံတော်သည် ကျေးလက်နေအမျိုးသမီးများ ကိုယ်စားပြုခွင့်နှင့် အကျိုးကျေးဇူးခံစားခွင့်များကို မရရှိနေသော နိုင်ငံရေးနှင့် အများပြည်သူနှင့်သက်ဆိုင်သောဘဝ၊ ပညာရေး၊ ကျန်းမာရေး၊ အလုပ်အကိုင်ရရှိရေးအပါအဝင် အခန်းကဏ္ဍအားလုံးတွင် စစ်မှန်သောမျှတမှုကိုရရှိခံစားနိုင်ရန်အတွက် ယာယီအထူးပြုလုပ်ဆောင်ချက်များကို တည်ဆောက်အကောင်ထည်ဖော်ပေးခြင်းမှာ ပြုလုပ်သင့်သည်။

၂၂. စာချုပ်ပါအပိုဒ်ခွဲ ၅(က)တွင် ကျေးလက်ဒေသများတွင် ပျံ့နှံ့နေသော မကြာခဏအများဆုံးတွေ့နေရသော ခွဲခြားဆက်ဆံထားသည့် ပုံသေသတ်မှတ်ထားမှုများနှင့် အလေ့အထများကို နှိမ်နင်းဖယ်ရှား ခြင်းကိုဖော်ပြထားသည်။ ကျေးလက်ဒေသရှိအမျိုးသမီးများနှင့် အမျိုးသမီးငယ်များသည် ကလေးသူငယ် ထိမ်းမြားလက်ထပ်ခြင်း၊ အတင်းအဓမ္မစေခိုင်းလက်ထပ်ခြင်း၊ မယားအများအပြားယူခြင်းနှင့် မမျိုးပွားအင်္ဂါ ဖြတ်တောက်ခြင်းစသော အကျိုးမဖြစ်ထွန်းသည့် အန္တရယ်များသောအလေ့အထများသည် ၎င်းတို့၏ ကျန်းမာရေး၊ ကောင်းကျိုးချမ်းသာကို အန္တရယ်ဖြစ်စေခြင်းနှင့် ထိုအလေ့အထများမှ ထွက်ပြေး လွတ်မြောက် နိုင်ရန်အတွက် အခြားနေရာသို့ပြောင်းရွှေ့နေထိုင်ရခြင်းနှင့် အခြားသော အန္တရယ်များသည့်အရာများသို့ တွန်းပို့နေသည့် အလားအလာများကို မကြာခဏခံစားနေရပါသည်။ ၎င်းတို့သည် အခြားသော အကျိုးမဖြစ်ထွန်းသည့် အလေ့အထများဖြစ်သည့် ဘိုးဘွားတို့၏ ကြွေးမြီများကိုဆက်ခံရသဖြင့် ဆင်းရဲမွဲတေမှု သံသရာတာရှည်ခြင်း၊ သားကြီးသြရသနှင့် မုဆိုးမ၏ပိုင်ဆိုင်မှုများကိုလုယူခြင်းတို့ကဲ့သို့သော ခွဲခြားဆက်ဆံထားသည့် ပုံသေသတ်မှတ်ထားမှုနှင့် အလေ့အထများသည် ၎င်းတို့၏ မြေယာနှင့် သဘာဝအရင်းအမြစ်များကို အပြည့်အဝရရှိခံစားခွင့် အခွင့်အရေးများကို တားဆီးခံနေရကြသည်။

၂၃. နိုင်ငံတော်သည် ကျေးလက်နေအမျိုးသမီးများနှင့် အမျိုးသမီးငယ်များ၏ ကျန်းမာရေး၊ ကောင်းကျိုးချမ်းသာနှင့် ဂုဏ်သိက္ခာကိုထိခိုက်စေသော အန္တရယ်များသည့် အလေ့အထများဖြစ်သည့် ကလေးသူငယ်ထိမ်းမြားလက်ထပ်ခြင်း၊ အတင်းအဓမ္မစေခိုင်းလက်ထပ်ခြင်း၊ မမျိုးပွားအင်္ဂါဖြတ်တောက်ခြင်းနှင့် ဘိုးဘွားတို့၏ ကြွေးမြီများကို ဆက်ခံရခြင်းများကို အထွေထွေထောက်ခံတိုက်တွန်းချက် ၃၁(၂၀၁၄) အန္တရာယ်ရှိသောအလေ့အထများနှင့် လျော်ညီစေရန် နှိမ်နင်းဖယ်ရှားပေးသင့်သည်။ နိုင်ငံတော်သည် ကျေးလက်နေအမျိုးသမီးများ မြေယာ၊ ရေနှင့် အခြားသော သဘာဝသယံဇာတအရင်းအမြစ်များနှင့်ပတ်သက်ပြီး တူညီသောအခွင့်အရေးများရရှိစေရန် ညှိနှိုင်းဆောင်ရွက်ပေးခြင်းအားဖြင့်လည်း ခွဲခြားဆက်ဆံထားသည့် ပုံသေသတ်မှတ်ထားမှုများကို ပပျောက်အောင်ဖယ်ရှားပေးသင့်သည်။ အဆိုပါအကြောင်းခြင်းရပ်များကြောင့်နိုင်ငံတော်သည်ထိုအန္တရယ်ရှိသောအလေ့အထများနှင့်ပုံသေသတ်မှတ်မှုများ ပပျောက်စေရန်အတွက် ထောက်ပံ့ရေးလုပ်ငန်းစဉ်များ၊ အမြင်ဖွင့်လုပ်ငန်းများမြင့်တင်ခြင်းနှင့် မီဒီယာလှုံ့ဆော်မှုများကို ရိုးရာခေါင်းဆောင်များ၊ လူမှုအဖွဲ့အစည်းများနှင့် ထိထိရောက်ရောက်ပူးပေါင်းဆောင်ရွက်ခြင်း လုပ်ဆောင်မှုများကို လက်ခံကျင့်သုံးသင့်သည်။

၂၄. အထွေထွေထောက်ခံတိုက်တွန်းချက် ၁၉(၁၉၉၂) "အမျိုးသမီးများအပေါ်အကြမ်းဖက်မှု"တွင် ကျေးလက်ဒေသများတွင် အစဉ်အလာအရ အမျိုးသမီးများကို တဆင့်နိမ့်လက်အောက်ခံများအဖြစ်ထားရှိသည့် သဘောထားဆက်လက်

တည်ရှိနေသောကြောင့် ကျေးလက်နေအမျိုးသမီးများသည် အကြမ်းဖက်ခံရမည့် အန္တရာယ်နှင့်ရင်ဆိုင်နေရ ကြောင်း ဖော်ပြထားပါသည်။ မိမိတို့နေရပ်ဒေသမှ မြို့ပေါ်သို့အလုပ်လုပ်ကိုင် ရန်ရွှေ့ပြောင်းလာသော ကျေးလက်နေအမျိုးသမီးငယ်လေးများသည် အကြမ်းဖက်မှု၊ လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်မှုနှင့် လိင်ပိုင်းဆိုင်ရာစော်ကားခံရခြင်းများကို ခံရရန် အန္တရယ်အများဆုံးဖြစ်ပါသည်။ ကျေးလက်နေအမျိုးသမီးများ၏ လူ့အခွင့်အရေးကို ခုခံကာကွယ်သူများသည်လည်း နစ်နာသူများကိုကာကွယ်ရန်နှင့် ဒေသတွင်းအလေ့အထများကိုပြောင်းလဲ သို့မဟုတ် သဘာဝအရင်းမြစ်အခွင့်အရေးများကို ထိန်းသိမ်းရန်အစရှိသော ဆောင်ရွက်မှုများလုပ်ဆောင်သည့်အခါတွင်လည်း အကြမ်းဖက်ခံရသည့် အန္တရာယ်များနှင့် မကြာခဏရင်ဆိုင်ရလျက်ရှိနေသည်။

၂၅။ နိုင်ငံတော်သည် ကျေးလက်နေအမျိုးသမီးများနှင့် အမျိုးသမီးငယ်များအပေါ် နည်းမျိုးစုံဖြင့် အကြမ်းဖက်ခြင်းများ ပပျောက်အောင်ဖယ်ရှားခြင်းနှင့် ကာကွယ်ပေးခြင်းများပြုလုပ်သင့်ပါသည်။ အထွေထွေထောက်ခံတိုက်တွန်းချက် ၁၉ “အမျိုးသမီးများအပေါ်အကြမ်းဖက်မှု”နှင့် အထွေထွေထောက်ခံတိုက်တွန်းချက် ၃၃ “တရားမျှတကို ရရှိခံစားစေခြင်း”နှင့် လျော်ညီမှုရှိစေရန် –

(က) ကျေးလက်နေအမျိုးသမီးများနှင့် အမျိုးသမီးငယ်တို့အပေါ် ခွဲခြားဆက်ဆံထားသော လူမှုသဘောထားနှင့် အလေ့အထများ၊ အထူးသဖြင့် လျစ်လျူရှုခြင်းခံထားရသော ကျားမအခြေပြုအကြမ်းဖက်မှုများ ပပျောက်စေရန်ရည်ရွယ်ပြီး ကျေးလက်ဒေသရှိ အမျိုးသမီးနှင့်အမျိုးသားများ၊ ယောကျ်ားလေးနှင့် မိန်းကလေးများနှင့် ဒေသတွင်းရှိ ဘာသာရေးနှင့် ရပ်ရွာခေါင်းဆောင်များ ကိုကျေးလက်နေအမျိုးသမီးများနှင့် အမျိုးသမီးငယ်များ၏အခွင့်အရေးများကို သိရှိစေရန်လုပ်ဆောင်ခြင်း။

(ခ) ကျေးလက်မှ ရွှေ့ပြောင်းလာသောအမျိုးသမီးနှင့် အမျိုးသမီးငယ်များအပါအဝင် ကျေးလက်ဒေသရှိအမျိုးသမီးနှင့် အမျိုးသမီးငယ်များအပေါ် နိုင်ငံတော်မှဖြစ်စေ၊ နိုင်ငံပြင်ပမှဖြစ်စေ၊ လူပုဂ္ဂိုလ်တစ်စုံတစ်ဦးမှဖြစ်စေ ကျူးလွန်လာသည့် အကြမ်းဖက်မှုများကို ကာကွယ်ခြင်း၊ စုံစမ်းရှာဖွေဖော်ထုတ်ခြင်းနှင့် ပြစ်ဒဏ်ချမှတ်ခြင်း လုပ်ရပ်များကို ထိထိရောက်ရောက်လုပ်ဆောင်ခြင်း။

(ဂ) ကျေးလက်ဒေသတွင်နေထိုင်သည့် ကျူးလွန်ခံရသူအမျိုးသမီးများသည် ဥပဒေအထောက်အပံ့များ၊ ပြန်လည်အစားထိုးပေးခြင်းများအပါအဝင် တရားမျှတမှုကို ထိရောက်စွာရရှိနေခြင်း၊ ကျေးလက်ဒေသ၏ တရားစီရင်ရေး၊ တရားစီရင်ရေးမှ အုပ်ချုပ်ရေးအရာရှိများ၊ နိုင်ငံ့ဝန်ထမ်းများ အဆင့်တိုင်းတွင် လိုအပ်သည့်အရင်းမြစ်များရှိနေခြင်း၊ နိုင်ငံရေးသဘောထားအရ ၎င်းအမျိုးသမီးများအပေါ်အကြမ်းဖက်မှုများကို တုံ့ပြန်ဆောင်ရွက်မှုများပြုလုပ်ပေးခြင်းနှင့် နှိပ်စက်အနိုင်ကျင့်မှုများကို တိုင်တန်းလာပါက လျော်ကြေးပေးဖြေရှင်းခြင်းမှ ကာကွယ်ပေးခြင်းများရှိသည်မှာ သေချာစေခြင်း။

(ဃ) အရေးပေါ်နားခိုနေရာများ၊ ပြည့်စုံသောကျန်းမာရေးဝန်ဆောင်မှုများအပါဝင် ထိခိုက်နစ်နာသူအတွက် ဝန်ဆောင်မှုများမှာ ကျေးလက်နေအမျိုးသမီးများနှင့် အမျိုးသမီးငယ်များရရှိနိုင်သည်မှာ သေချာစေခြင်း။ ထိုကဲ့သို့ဝန်ဆောင်မှုများပေးရာတွင်ထိခိုက်နစ်နာသူ၏ဂုဏ်သိက္ခာကိုထိခိုက်စေမည့်အကြောင်းအရာများကိုရှောင်ကြဉ်ရန်နှင့် ထိခိုက်နစ်နာသူ၏ ကိုယ်ရေးကိုယ်တာနှင့် ဂုဏ်သိက္ခာကို ကာကွယ်ပေးသင့်သည်ဖြစ်သည်။

(င) ခွဲခြားဆက်ဆံထားသောဓလေ့ထုံးတမ်းများနှင့် ကျားမအခြေပြုအကြမ်းဖက်မှုများကို ပပျောက်စေရန် ကျေးလက်နေအမျိုးသမီးများ၏ အမျိုးသမီးနှင့်သက်ဆိုင်သည့် လိင်နှင့် မျိုးဆက်ပွားခြင်းဆိုင်ရာအခွင့်အရေးအပါအဝင် ကျန်းမာရေးကိစ္စရပ်များ၊ မြေယာနှင့် သဘာဝအရင်းအမြစ်ကိစ္စရပ်များတွင် ပါဝင်လှုပ်ရှားနေသည့် ကျေးလက်နေအမျိုးသမီးများ၏ လူ့အခွင့်အရေး ကာကွယ်ခုခံသူများကိုတိုက်ခိုက်လာမည့် ခြိမ်းခြောက်မှုများကို ကြိုတင်ကာကွယ်ခြင်းနှင့် အသိပေးခြင်းများပြုလုပ်ရန် လုပ်ဆောင်မှုများကိုအကောင်ထည်ဖော်ခြင်း။

၂၆။ စာချုပ်ပါအပိုဒ်ခွဲ ၆ အရ လူကုန်ကူးခြင်းနှင့် ပြည့်တန်ဆာအဖြစ်သွတ်သွင်းခေါင်းပုံဖြတ်ခြင်းကို အင်အားသုံး၍ နှိမ်နင်းခြင်းသည် ဝေးလံခေါင်ဖြားသောနေရာများတွင် နေထိုင်နေရသောကြောင့် အန္တရယ်ကျရောက်ခြင်းကို အထူးရင်ဆိုင်နေရသော ဒေသခံအမျိုးသမီးနှင့် အမျိုးသမီးငယ်များအပါအဝင် ကျေးလက်ဒေသနေ အမျိုးသမီးနှင့် အမျိုး

သမီးငယ်များအတွက် အထူးသင့်လျော်ပါသည်။ ကျေးလက်ဒေသ၏ စီးပွားရေးကြေပ်တည်းမှုနှင့်အတူ လူကုန်ကူး ခြင်း၊ လူကုန်ကူးသူများအချင်းချင်းကြား မည်သို့ပူးပေါင်းလုပ်ဆောင်ကြသည့် သတင်းအချက်အလက်များကို ရမ နေခြင်းသည် ၎င်းတို့ကို (အထူးသဖြင့် ပဋိပက္ခဖြစ်ပွားသင့်ခဲ့သောဒေသများရှိ) သားကောင်အဖြစ်ကျရောက်စေခြင်း ဖြစ်သည်။

၂၇. နိုင်ငံတော်သည် လူကုန်ကူးမှုကို အဓိကဖြစ်စေသောအကြောင်းတရားများကို စီးပွားရေးသက်သာချောင်လည် စေရန်စွမ်းအင်မြှင့်ပေးခြင်းများ၊ ကျေးလက်ဒေသများအတွင်း လူကုန်ကူးသူများ၏ သွေးဆောင်ဖြားယောင်းခြင်းခံရ မည့် အန္တရာယ်နှင့် လူကုန်ကူးသူများအချင်းချင်းကြား မည်သို့ပူးပေါင်းလုပ်ဆောင်ကြသည်ကို အသိပညာပေးခြင်း များလုပ်ဆောင်ခြင်းအားဖြင့် အသိပေးသင့်သည်။ နိုင်ငံတော်၏ လူကုန်ကူးမှုကာကွယ်တားဆီးရေး ဥပဒေများသည် ကျေးလက်ဒေသနေအမျိုးသမီးနှင့် အမျိုးသမီးငယ်များ ရင်ဆိုင်ကြုံတွေ့နေရသော လူမှုစီးပွားစိန်ခေါ်မှု အခက်အခဲ များကို ထင်ထင်ရှားရှားဖော်ပြနေခြင်းနှင့် ကြိုတင်ကာကွယ်ခြင်း၊ ကာကွယ်မှုပေးခြင်း၊ တရားစီရင်ရေးစနစ်၊ ရဲ၊ နယ်ခြားစောင့်၊ အခြားသော တရားဥပဒေစိုးမိုးရေးအရာရှိများနှင့် လူမှုရေးဝန်ထမ်းများမှ နစ်နာသူအတွက် အထောက် အကူပြုခြင်းများအတွက် ကျားမရေးရာ တုံ့ပြန်ဆောင်ရွက်မှု သင်တန်းများကို ပေးနေခြင်းများမှာ သေချာစေရန် ပြုလုပ်သင့်ပါသည်။

၂၈. စာချုပ်ပါအပိုဒ်ခွဲ ၉ အရ အမျိုးသမီးများသည် နိုင်ငံသားခံယူခွင့်၊ ပြောင်းလဲခွင့်၊ ထိန်းသိမ်းခွင့်များကို အမျိုးသား များနှင့်တန်းတူညီမျှရရှိရန် နိုင်ငံတော်မှ ခွင့်ပြုထားရန်လိုအပ်ပါသည်။ ကျေးလက်ဒေသနေအမျိုးသမီးများနှင့် ၎င်း တို့၏ကလေးများသည် ၎င်းတို့နိုင်ငံများမှ နိုင်ငံသားအဖြစ်ဖြင့် အသိအမှတ်ပြုခြင်းမခံရပါက ၎င်းတို့၏ အခွင့်အရေး များမှာ ပိတ်ပင်တားဆီးခြင်းခံရနိုင်ပါသည်။ နိုင်ငံမဲ့ဖြစ်မှုများသည် အမျိုးသမီးများအနေဖြင့် ၎င်းတို့၏ နိုင်ငံသား ဖြစ်တည်မှုကို ၎င်းတို့၏သားသမီးများနှင့် အခြားနိုင်ငံသားခင်ပွန်းတို့အား မည်သည့်နည်းနှင့်မဆို လွှဲပြောင်းနိုင်ခွင့် မရှိသည့် ခွဲခြားဆက်ဆံ ထားသည့်ဥပဒေများ၊ အခြားနိုင်ငံသားနှင့်လက်ထပ်ထိမ်းမြားခြင်းနှင့် ကွာရှင်းပြတ်စဲမှု များကြောင့် ဖြစ်ပေါ်လာသည့် အကျိုးဆက်များဖြစ်သည်။ ထို့အပြင် နိုင်ငံသားသက်သေ ခံစာရွက်စာတမ်းများ၊ အထူးသဖြင့် မွေးစာရင်း၊ လက်ထပ်ထိမ်းမြားခြင်းမှတ်ပုံတင်၊ ကွာရှင်းပြတ်စဲခြင်းမှတ်ပုံတင်နှင့် သေစာရင်းများ သည် ကျေးလက်ဒေသများတွင် ရရှိနိုင်ရန် ပို၍ခက်ခဲနိုင်သည်။

၂၉. အထွေထွေထောက်ခံတိုက်တွန်းချက် ၃၂(၂၀၁၄) ၏ "အမျိုးသမီးများ၏ ကျားမရေးရာ နီးနွယ်သော ဒုက္ခသည် များ၏ အခြေအနေပမာဏ၊ ခိုလှုံခွင့်၊ နိုင်ငံသားဖြစ်ခြင်းနှင့် နိုင်ငံမဲ့ခြင်း" နှင့်လျော်ညီရန် နိုင်ငံတော်မှ ကျေးလက် နေအမျိုးသမီးများသည် နိုင်ငံသားဖြစ်တည်မှုကို ရယူခွင့်၊ ပြောင်းလဲခွင့်၊ ထိန်းသိမ်းခွင့်၊ စွန့်လွှတ်ခွင့်နှင့် မိမိ၏ ကလေးများနှင့် နိုင်ငံခြားသားခင်ပွန်းသည်ထံ လွှဲပြောင်းခွင့်ကို အမျိုးသားများနှင့် တူညီစွာရရှိနိုင်သည့် အခြေအနေ ရှိသည်မှာ သေချာစေရန်နှင့် ဖော်ပြပါအခွင့်အရေးများကိုလည်း သိရှိနားလည်နေသည်မှာလည်း သေချာစေရန် ပြုလုပ်ပေးသင့်သည်။ နိုင်ငံတော်မှ ကျေးလက်နေအမျိုးသမီးများသည် မိမိကိုယ်ပိုင် သက်သေခံ စာရွက်စာတမ်းများ (နိုင်ငံသားမှတ်ပုံတင်၊ နိုင်ငံကူးလက်မှတ်၊ လူမှုဖူလုံရေးအမှတ် အစရှိသည်ဖြင့်)နှင့် မွေးဖွားခြင်း၊ လက်ထပ်ခြင်း၊ ကွာရှင်းခြင်း၊ သေဆုံးခြင်း အစရှိသော နိုင်ငံသားဆိုင်ရာ မှတ်ပုံတင်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းများကို မိမိတို့ နေထိုင်ရာကျေးလက်ဒေသများတွင် ရရှိလက်လှမ်းမီနိုင်သည်မှာ သေချာစေရန်လည်း ပြုလုပ်ပေးသင့်သည်။

၃၀. စာချုပ်ပါအပိုဒ်ခွဲ ၁၅အရ ဥပဒေရှေ့မှောက်တွင် အမျိုးသားနှင့်အမျိုးသမီးများ သာတူညီမျှဖြစ်ခြင်းနှင့် နိုင်ငံသား ဆိုင်ရာကိစ္စရပ်များတွင် ထပ်တူညီသောဥပဒေအကျိုးကိုခံစားခွင့်ရရန်လိုအပ်ပါသည်။ သာဓကအားဖြင့် ကျေးလက် နေအမျိုးသမီးများသည် မိမိတို့၏ခင်ပွန်း သို့မဟုတ် အမျိုးသားအုပ်ထိန်းသူတစ်ဦးဦး၏ ထိန်းချုပ်မှီခိုမှုကင်းစွာဖြင့် ပိုင်ဆိုင်မှုများကို စာချုပ်ချုပ်ဆိုခြင်းနှင့် စီမံခန့်ခွဲမှုများကိုပြုလုပ်နိုင်ရန် အမျိုးသားများနှင့်တန်းတူ ဥပဒေအကျိုးကို ခံစားခွင့်ရှိခြင်း။

၃၁. နိုင်ငံတော်သည် ကျေးလက်နေအမျိုးသမီးများ ဥပဒေရှေ့မှောက်တွင် တန်းတူဆက်ဆံခံခွင့်နှင့် အမျိုးသားများ နည်းတူ စာချုပ်များချုပ်ဆိုခြင်းတွင်ပါဝင်ခြင်း၊ ပိုင်ဆိုင်ခွင့်မှုများကို ခင်ပွန်းသို့မဟုတ်အမျိုးသားအုပ်ထိန်းသူတစ်ဦး ဦး၏ ထိန်းချုပ်မှီခိုမှုကင်းစွာဖြင့် စီမံခန့်ခွဲပိုင်ခွင့်အပါအဝင် နိုင်ငံသားဆိုင်ရာကိစ္စရပ်များတွင် တူညီသော ဥပဒေ အကျိုးခံစားခွင့်ရှိသည်မှာ သေချာစေရန်ဆောင်ရွက်ပေးသင့်သည်။

၃၂. များစွာသော ကျေးလက်ဒေသရှိအမျိုးသမီးများသည် ၎င်းတို့ကိုခွဲခြားဆက်ဆံထားသော လူမှုရေးစံနှုန်းများ၊ အလေ့အထများနှင့် ဥပဒေများ (ဥပဒေဟုဆိုရာတွင် ၎င်းတို့နေထိုင်သည့်နေရာတွင် တရားစီရင်မှုစနစ် အများအပြားရှိနေခြင်း သို့မဟုတ် သင့်လျော်သည့်ဥပဒေများကို ကျင့်သုံးအသက်သွင်းမှုအားနည်းခြင်း)ကြောင့် အပြည့်အဝမခံစားရသည့် လက်ထပ်ထိမ်းမြားခြင်းနှင့် မိသားစုဆိုင်ရာအခွင့်အရေးများအတွက် စာချုပ်ပါအပိုဒ်ခွဲ ၁၆တွင်ထောက်ခံအားပေးထားပါသည်။ ကျေးလက်ဒေသနေအမျိုးသမီးငယ်များသည် ကလေးသူငယ်လက်ထပ် ထိမ်းမြားခြင်းနှင့် အတင်းအဓမ္မစေခိုင်းလက်ထပ်ခြင်း အန္တရာယ်များ အထူးကျရောက်နိုင်ခြေ ရှိနေပါသည်။ ကျေးလက်နေအမျိုးသမီးများသည် မိမိတို့၏ လက်ထပ်ထိမ်းမြားခြင်းနှင့် မိသားစုအခွင့်အရေးများကို ဆိုးရွားစွာထိခိုက်စေသော မယားအများအပြားယူခွင့်ဝါဒ၏ဒဏ်ကို မမျှတစွာခံစားနေရပါသည်။

၃၃. နိုင်ငံတော်သည် ပုဂ္ဂိုလ်ရေးအဆင့်အတန်းများနှင့် မိသားစုဆိုင်ရာဥပဒေများအကြားတွင် စာချုပ်ပါအပိုဒ်ခွဲ ၁၆နှင့်အညီ သဟဇာတရှိစေရန် လုပ်ဆောင်ပေးသင့်သည်။ အထွေထွေထောက်ခံတိုက်တွန်းချက် ၂၁ (၁၉၉၄) "လက်ထပ်ထိမ်းမြားခြင်းနှင့် မိသားစုတွင်းတွင်တန်းတူညီမျှခြင်း"နှင့် အထွေထွေထောက်ခံတိုက်တွန်းချက် ၂၉ (၂၀၁၃) "လက်ထပ်ထိမ်းမြားခြင်း၊ မိသားစုနှီးနွှယ်မှုများနှင့် အိမ်ထောင်ပြိုကွဲခြင်းကြောင့်ဖြစ်ပေါ်လာသော စီးပွားရေးအကျိုးဆက်များ"နှင့် လျော်ညီမှုရှိစေရန် နိုင်ငံတော်မှ ကျေးလက်ဒေသရှိအမျိုးသမီးများသည် ကွာရှင်းပြတ်စဲခြင်းနှင့် အိမ်ထောင်ဖက်ကွယ်လွန်ခြင်းမှ လက်ထက်ပွားပစ္စည်းပိုင်ဆိုင်မှု၊ ထိန်းသိမ်းစောင့်ရှောက်မှုများတွင် အမျိုးသားများနှင့် တန်းတူအခွင့်ရေးရရှိရန်နှင့် မယားစရိတ်ရရှိမှုသေချာစေရန် ကျေးလက်ဒေသများတွင် အမျိုးသမီးများနှင့် လက်ထပ်ထိမ်းမြားခြင်း ဆိုင်ရာအခွင့်အရေးများကိုသိရှိရန် အသိပညာပေးခြင်းများဆောင်ရွက်ပေးသင့်သည်။

၃၄. နိုင်ငံတော်သည် ကျေးလက်နေအမျိုးသမီးနှင့် အမျိုးသမီးငယ်များကို ကလေးသူငယ် သို့မဟုတ် အတင်းအဓမ္မစေခိုင်းလက်ထပ်ခြင်းများမှ တားမြစ်ပေးခြင်းနှင့် ကာကွယ်ပေးခြင်းများကို ထိုကျေးလက်ဒေသများတွင် ကျင့်သုံးနေသောအလေ့အထများကို တားမြစ်ပေးသည့်ဥပဒေများကို ပြန်လည်ပြင်ဆင်ခြင်းနှင့် အသက်သွင်းခြင်းများကို စတင်လုပ်ဆောင်သင့်သည်။ ထိုလုပ်ဆောင်မှုများတွင် မီဒီယာလှုံ့ဆော်မှုများ၊ အမျိုးသားများကို အဓိကထားသိရှိစေသည့် အသက်အရွယ်နှင့်သင့်လျော်သည့် လိင်နှင့် မျိုးဆက်ပွားကျန်းမာရေးအသိပညာများကို သိရှိနားလည်းခြင်းအပါအဝင် ကျောင်းအခြေပြုကြိုတင်ကာကွယ်ခြင်းအစီစဉ်များ၊ ထို့အတူ ကျေးလက်ဒေသရှိ အိမ်ထောင်ပြုပြီးသောအမျိုးသမီးငယ်များနှင့် ကလေးသူငယ် သို့မဟုတ် အတင်းအဓမ္မစေခိုင်းလက်ထပ်စေမည့် အန္တရာယ်ရှိနေသည့် အမျိုးသမီးငယ်များနှင့် လူမှုနှင့် ကျန်းမာရေးဝန်ဆောင်မှုများကို ထောက်ပံ့ခြင်းများလည်း လုပ်ဆောင် ပေးသင့်သည်။ ထပ်မံ၍ နိုင်ငံတော်အနေဖြင့် ကျေးလက်ဒေသများတွင်အများဆုံးတွေ့ရသော မယားအများအပြားယူခြင်းအလေ့အထကို မထောက်ခံခြင်းနှင့် တားမြစ်ခြင်းများကိုပြုလုပ်သင့်သည်။

# ၄။ ကျေးလက်နေအမျိုးသမီးအခွင့်အရေးများ၏အသေးစိတ်ရှုထောင့်နှင့် နိုင်ငံတော်၏ တာဝန်ဝတ္တရားများ၏ဆက်နွယ်မှု

## (က) ကျေးလက်နေအမျိုးသမီးများ၏ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအခန်းကဏ္ဍများတွင် ပါဝင်ပတ်သက်ခွင့်နှင့် အကျိုးကိုခံစားခွင့်

၃၅. ကျေးလက်နေအမျိုးသမီးများသည် ရေရှည်တည်တံ့သောဖွံ့ဖြိုးတိုးတက်မှု၏ မောင်းနှင်သူများအဖြစ်ယူဆထားရမည်ဖြစ်သည်။ သို့သော်ငြားလည်း ကျေးလက်နေအမျိုးသမီးများအတွက် မရှိမဖြစ်လိုအပ်သော အခန်းကဏ္ဍများဖြစ်သည့် စိုက်ပျိုးရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ မူဝါဒများနှင့် ဦးဆောင်ဆောင်ရွက်မှုများတွင် များသောအားဖြင့် ကျားမရေးရာ အလေးပေး တုံ့ပြန်ဆောင်ရွက်မှုများမရှိခြင်းနှင့် လုပ်ငန်းမှုဘောင်များ အထောက်အကူပြုခြင်းမှ ရရှိလာသောအကျိုးအမြတ်များကိုလည်း ကျေးလက်နေအမျိုးသမီးများအနေဖြင့် ခံစားရရှိခွင့်မရှိနေပေ။ ပဋိပက္ခဖြစ်ပွားရာ ဒေသနှင့် ပဋိပက္ခလွန်ဒေသများရှိ DDR (လက်နက်ရုပ်သိမ်းရေး၊ တပ်ဖျက်သိမ်းရေးနှင့် ပြန်လည်ပေါင်းစည်းရေး) လုပ်ဆောင်မှုအတွက် ကြိုးစားအားထုတ်မှုများတွင် ကျေးလက်ဒေသရှိ အမျိုးသမီးများ၏ အခွင့်အရေးများကို ထည့်သွင်း စဉ်းစားလေ့မရှိပေ။

၃၆. နိုင်ငံတော်သည် သစ်တော၊ အသက်မွေးဝမ်းကျောင်း၊ ငါးမွေးမြူရေးလုပ်ငန်းများအပါအဝင် ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ရေနှင့် စိုက်ပျိုးရေးမူဝါဒများတွင် ကျားမရေးရာ အလေးထားတုံ့ပြန်ဆောင်ရွက်ခြင်းနှင့် လုံလောက်သော ဘတ်ဂျတ်ချထားသည်မှာ သေချာစေရန်အတွက် အထောက်အကူပေးသောအဖွဲ့အစည်း၊ ဥပဒေနှင့် မူဝါဒများကို တည်ဆောက်ပေးသင့်မည်။ နိုင်ငံတော်သည် အောက်ပါအချက်များကိုလည်း သေချာစေရန် လုပ်ဆောင်ပေးသင့်သည်။

(က) နိုင်ငံတော်သည် အထွေထွေထောက်ခံတိုက်တွန်းချက် ၂၃(၁၉၉၇) “နိုင်ငံရေးနှင့် လူမှုဘဝမှအမျိုးသမီးများ” နှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်များပါ “မြေယာလုပ်ပိုင်ခွင့်စီမံခန့်ခွဲမှုအပေါ်စေတနာအလျောက် လမ်းညွှန်မှုပေးခြင်း”၊ “တမျိုးသားလုံးစားနပ်ရိက္ခာဖူလုံရေးနှင့် စပ်လျဉ်းသည့် ငါးဖမ်းလုပ်ငန်းနှင့် သစ်တော (စားနပ်ရိက္ခာဖူလုံရေးနှင့် ဆင်းရဲမွဲတေမှုလျှော့ချရေးနှင့် ဆက်စပ်သည့် ရေရှည်တည်တံ့သော အသေးစားငါးဖမ်းလုပ်ငန်းများ ဘေးကင်းလုံခြုံစေရန် စေတနာအလျောက်လမ်းညွှန်မှုပေးခြင်း)” စသည့်အချက်များနှင့် လျော်ညီစွာ စိုက်ပျိုးရေးနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးမူဝါဒများ၊ မဟာဗျူဟာများနှင့် အစီအစဉ်များ (အကောင်ထည်ဖော်ဆောင်ရွက်ခြင်း အစီအစဉ်များအပါအဝင်)တွင် ကျားမရေးရာအမြင်ရှုထောင့်များ ပေါင်းစပ်ပါဝင်စေခြင်းနှင့် တသားတည်းဖြစ်စေခြင်းသည် ကျေးလက်ဒေသအမျိုးသမီးအား သက်ဆိုင်ပါဝင်သောသူများ၊ ဆုံးဖြတ်ချက်ချမှတ်သူများနှင့် အကျိုးအမြတ်ရရှိခံစားခွင့်ရှိသူများအဖြစ် မြင်သာလာစေသည်။ နိုင်ငံတော်အနေဖြင့် အဆိုပါမူဝါဒများ၊ မဟာဗျူဟာများ၊ အစီစဉ်များနှင့် ရေဆွဲထားသော လုပ်ငန်းစဉ်များတွင် သက်သေအခြေပြုစောင့်ကြည့်ထိန်းညှိမှုများနှင့် ရှင်းလင်းသော လုပ်ငန်းမှုဘောင်ပြန်လည်သုံးသပ်ခြင်းများရှိရန် သေချာစေခြင်း

(ခ) လုံလောက်သောဘဏ္ဍာ၊ အဖွဲ့အစည်းလုပ်ထုံးလုပ်နည်းများ၊ တာဝန်ယူမှုတာဝန်ခံမှုအပြည့်ရှိသော လုပ်ငန်းမှုဘောင်နှင့် ထိရောက်မှုရှိသော ယန္တရားများပူးပေါင်းဆောင်ရွက်မှုများကို ပံ့ပိုးပေးခြင်းအားဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် သက်ဆိုင်သောဝန်ကြီးဌာနများရှိ အကြီးတန်းအရာရှိများနှင့် ဂျဲန်ဒါယူနစ်များ တည်ဆောက်ပေးခြင်း။

(ဂ) အထွေထွေထောက်ခံတိုက်တွန်းချက် ၃၀(၂၀၁၃) “ပဋိပက္ခကြိုတင်ကာကွယ်တားဆီးခြင်းနှင့် ပဋိပက္ခဖြစ်ပွားရာ၊ ပဋိပက္ခလွန်အခြေအနေများအတွင်းမှ အမျိုးသမီးများ”နှင့် လျော်ညီမှုရှိစေရန် ပဋိပက္ခဖြစ်ပွားရာနှင့် ပဋိပက္ခလွန်ဒေသများအတွင်း DDR လုပ်ဆောင်မှုကြိုးပမ်းဆောင်ရွက်ခြင်းများနှင့်ဆက်နွယ်သည့် ဖွံ့ဖြိုးရေးလုပ်ငန်းအစီစဉ်များချမှတ်ရာတွင် ကျေးလက်နေအမျိုးသမီးများ၏ အခွင့်အရေးများကို အထူးသဖြင့် ကာကွယ်ပေးခြင်း။

## (ခ) ကျန်းမာရေးစောင့်ရှောက်ခြင်းဝန်ဆောင်မှုများ
## (စာချုပ်ပါအပိုဒ်ခွဲ ၁၄၊ စာပိုဒ် ၂(ခ)၊ နှင့်အတူ စာချုပ်ပါအပိုဒ်ခွဲ (၁၂) ကိုယှဉ်တွဲဖတ်ရန်)

၃၇. လွှမ်းမိုးပျံ့နှံ့နေသော လူမှုရေးစံနှုန်းများနှင့် ဖခင်ကြီးစိုးအုပ်ချုပ်သောလူမှုစနစ်သဘောထားများနှင့် ကျေးလက်ဒေသကျန်းမာရေးဝန်ဆောင်မှုများအတွက် ဘတ်ဂျတ်ခွဲဝေချထားမှုလုံလောက်မှုမရှိခြင်း၊ အခြေခံအဆောက်အအုံများနှင့် လေ့ကျင့်ထားပြီးသောဝန်ထမ်းများမရှိခြင်း၊ ခေတ်ပေါ်သန္ဓေတားနည်းလမ်းများအကြောင်းနှင့် သတင်းအချက်အလက်များကို မရရှိခြင်း၊ ဝေးလံခေါင်ဖျားခြင်းနှင့် ပို့ဆောင်ဆက်သွယ်ရေးမရှိခြင်းတို့ကြောင့် ကျေးလက်ဒေသရှိ သက်ကြီးရွယ်အိုအမျိုးသမီးနှင့် မသန်စွမ်းအမျိုးသမီးများအပါအဝင် အမျိုးသမီးများအားလုံးသည် လိင်နှင့် မျိုးဆက်ပွားကျန်းမာရေးစောင့်ရှောက်မှုအပါအဝင် ကျန်မာရေးစောင့်ရှောက်မှုကိုရရှိလက်လှမ်းမီရန် ဆိုးရွားစွာမကြာခဏ ကန့်သတ်ခံနေကြရပါသည်။ စိတ်ချရသောသောက်သုံးရေ၊ မိလ္လာနှင့် ရေဆိုးစီမံခန့်ခွဲရေးအထောက်ပံ့ပစ္စည်းများ အပါအဝင် လုံလောက်သောစားနပ်ရိက္ခာနှင့် အာဟာရကို ရရှိလက်လှမ်းမီမှုမရှိခြင်းတို့ကြောင့် ကျန်းမာရေးထိခိုက်မည့် အန္တရယ်ပိုမိုကြီးမားစေသည့် အကျိုးရလဒ်များဖြစ်ပေါ်စေပါသည်။

၃၈. ကိုယ်ဝန်ဆောင်မိခင်သေဆုံးမှုနှင့် ကျန်းမာရေးချို့တဲ့မှုများသည် ကျေးလက်ဒေသများတွင် အချိုးအစားမညီမျှဘဲ မြင့်တက်နေပါသည်။ အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ကလေးသူငယ်လက်ထပ်ထိမ်းမြားခြင်းသည် ကျေးလက်ဒေသရှိ အမျိုးသမီးငယ်လေးများကို အရွယ်မတိုင်မီကိုယ်ဝန်ဆောင်ခြင်းသို့ တွန်းပို့နေပြီး ကိုယ်ဝန်ဆောင်မိခင်သေဆုံးခြင်းများဖြစ်စေသည့်အကြောင်းများထဲတွင် သိသာထင်ရှားစွာပါဝင်နေသည်။ တစ်ကမ္ဘာလုံးအရကြည့်လျှင် ကျေးလက်ဒေသများတွင် ကျွမ်းကျင်သော သားဖွားသူနာပြုများနှင့် ဆေးပညာဝန်ထမ်းအင်အား မြို့ပြဒေသများထက် နည်းပါးရှိနေခြင်းသည် မမွေးဖွားမီ၊ မွေးဖွားခါနီးနှင့် မီးဖွားပြီးနောက် ကျန်းမာရေးစောင့်ရှောက်မှုများပေးရန်အားနည်းစေသည်။ ဆင်းရဲမွဲတေခြင်း၊ သတင်းအချက်အလက်ရရှိမှုမရှိခြင်းနှင့် ဝန်ဆောင်မှုများကို ရရှိရန်နှင့် လက်လှမ်းမီနိုင်ရန် အကန့်အသတ်ရှိခြင်းကြောင့် မပြည့်ဆည်းရသေးသော မွေးဖွားမှုထိန်းချုပ်ခြင်းနှင့် သန္ဓေတားခြင်းဝန်ဆောင်မှုများ မြင့်မားလျက်ရှိသည်။ ကျေးလက်နေအမျိုးသမီးများသည် မြို့ပြနေအမျိုးသမီးများထက် ပို၍အန္တရာယ်များပြီး ၎င်းတို့၏အသက်နှင့် ကျန်းမာရေးကိုထိခိုက်စေနိုင်သည့် စိတ်မချရသော ကိုယ်ဝန်ဖျက်ချခြင်းနည်းများကိုသာ ရရှိအားကိုးနေကြရသည်။ ကိုယ်ဝန်ဖျက်ချခြင်းကို တရားဝင်ခွင့်ပြုထားသောနိုင်ငံများတွင်ပင်လျှင် ကျိုးကြောင်းမဆီလျော်သော စောင့်ဆိုင်းကာလများအပါအဝင် ကန့်သတ်တားမြစ်ထားသောအခြေနေများသည် ကျေးလက်နေအမျိုးသမီးများလက်လှမ်းမီရရှိနိုင်ရန် နှောင်နှေးကြန့်ကြာစေသည်။ ကိုယ်ဝန်ဖျက်ချခြင်း တရားမဝင်သည့်အခါ ကျန်းမာရေးထိခိုက်မှုအကျိုးဆက် ပို၍ကြီးထွားစေသည်။

၃၉. နိုင်ငံတော်သည် ကျေးလက်နေအမျိုးသမီးများနှင့် အမျိုးသမီးငယ်များ၏ လုံလောက်သောကျန်းမာရေးစောင့်ရှောက်မှုကို ရရှိခွင့်ကို ကာကွယ်ပေးရန်နှင့် အောက်ပါအချက်များကို သေချာစေရန်ပြုလုပ်ပေးသင့်သည်။

(က) ကျေးလက်ဒေသရှိ သက်ကြီးရွယ်အိုအမျိုးသမီးများ၊ အိမ်ထောင်ဦးစီးနေရသောအမျိုးသမီးများနှင့် မသန်စွမ်းအမျိုးသမီးများအပါအဝင် အမျိုးသမီးများအတွက် ကျန်းမာရေးစောင့်ရှောက်မှုဝန်ဆောင်မှုများနှင့် ထောက်ပံ့ပစ္စည်းများသည် ကိုယ်တိုင်လက်လှမ်းမီရရှိနိုင်ပြီး တတ်နိုင်သောအခြေအနေမှာရှိစေခြင်း (လိုအပ်ပါက အခမဲ့ထောက်ပံ့ပေးရန်)၊ ယဉ်ကျေးမှုထုံးတမ်းများအရ ၎င်းတို့လက်ခံနိုင်ခြင်းနှင့် လေ့ကျင့်ထားပြီးသော ကျန်းမာရေးဝန်ထမ်းများကိုခန့်ထားခြင်း။ ဝန်ဆောင်မှုများတွင် အရေးပေါ်သန္ဓေတားခြင်းအပါအဝင် သန္ဓေတားနည်းများ၊ ကိုယ်ဝန်ဖျက်ချခြင်း တရားဝင်သည်ဖြစ်စေ၊ တရားမဝင်သည်ဖြစ်စေ စိတ်ချရသောကိုယ်ဝန်ဖျက်ခြင်းနှင့် ကိုယ်ဝန်ဖျက်ချပြီးနောက် အရည်သွေးမီသော ကျန်းမာရေးစောင့်ရှောက်မှု၊ မမွေးဖွားမီ၊ မွေးဖွားခါနီးနှင့် မွေးဖွားပြီးနောက် သားဖွားခြင်းနှင့် ဆိုင်သောဝန်ဆောင်မှုများ၊ အဓမ္မပြုကျင့်ခံရပြီးနောက်ဆက်တွဲ အရေးပေါ်တားဆီးကုသပေးသည့် ဝန်ဆောင်မှုများအပါအဝင် HIVကြိုတင်ကာကွယ်တားဆီးခြင်း ဝန်ဆောင်မှုများ၊ စိတ်ကျန်းမာရေးဝန်ဆောင်မှုများ၊ အာဟာရနှင့်ပတ်သက်ပြီး ဆွေးနွေးတိုင်ပင်ခြင်းများ၊ မွေးကင်းစကလေးသူငယ်များနှင့် ကလေးငယ်များကိုအစာကျွေးခြင်း၊ ရင်သားကင်ဆာကို ဓါတ်မှန်ရိုက် ဖော်ထုတ်ခြင်းနှင့် သားဖွားမီးယပ်နှင့်ဆိုင်သော ရောဂါများကိုရှာဖွေဖော်ထုတ်ခြင်း ဝန်ဆောင်မှုများ၊ ကင်ဆာကဲ့သို့ သောမကူးစက် တတ်သောရောဂါများကို ကြိုတင်ကာကွယ်ခြင်းနှင့် ကုသပေးခြင်း၊ နာကျင်မှုများကို သက်သာစေသောဆေးဝါးများအပါအဝင် လိုအပ်သောဆေးဝါးများ ရရှိလက်လှမ်းမီခြင်းနှင့် ရောဂါသက်သာစေသောစောင့်ရှောက်မှုများအပါအဝင် အခြေခံကျန်းမာရေးစောင့်ရှောက်မှုများပါဝင်ခြင်း။

(ခ) ကျေးလက်ဒေသများတွင် ကျန်းမာရေးစောင့်ရှောက်မှုနည်းစနစ်များ၊ အထူးသဖြင့် လိင်နှင့် မျိုးဆက်ပွားကျန်းမာရေး နှင့် အခွင့်အရေးများကို ထည့်သွင်းစဉ်းစားထားသော လုံလောက်သည့်ငွေကြေးထောက်ပံ့ခြင်း။

(ဂ) အမျိုးသမီး လိင်နှင့် မျိုးဆက်ပွားကျန်းမာရေးဝန်ဆောင်မှုများအပါအဝင် ကျန်းမာရေးစောင့်ရှောက်မှုများကို လက်လှမ်းမီနိုင်ရန်၊ အထူးသဖြင့် ကိုယ်ဝန်ဖျက်ချခြင်းကို ရာဇဝတ်မှုအဖြစ်သတ်မှတ်ထားခြင်း သို့မဟုတ် စောင့်ဆိုင်းကာလလိုအပ်ခြင်း သို့မဟုတ် အခြားသူတစ်ဦး၏ ခွင့်ပြုမှုလိုအပ်ခြင်းအစရှိသော အတားအဆီးများကိုဖြစ်ပေါ်စေသော ဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများကို ပယ်ဖျက်ရုတ်သိမ်းခြင်း။

(ဃ) ကိုယ်ဝန်ဆောင်အမျိုးသမီးများ၊ သားဦးသည်မိခင်များ၊ အထူးသဖြင့် ဆယ်ကျော်သက်မိခင်များနှင့် ၎င်းတို့၏ မွေးကင်းစကလေးငယ်များ၏ ကျန်းမာရေးနှင့် အာဟာရရရှိမှုအခြေအနေများအပေါ် စောင့် ကြည့်လေ့လာခြင်း စနစ်တကျနှင့် ပုံမှန်ပြုလုပ်ခြင်း။

(င) အာဟာရချို့တဲ့ခြင်းနှင့် သန့်ရှင်းသောရေမရရှိခြင်းများဖြစ်ပေါ်နိုင်သည့်အတွက် ကိုယ်ဝန်ဆောင်ကာလနှင့် နို့တိုက်ကျွေးနေစဉ်ကာလတလျှောက်လုံး အစားအစာခွဲတမ်းပိုကျွေးခြင်းနှင့် သောက်သုံးရေများကို စနစ်တကျ ထောက်ပံ့ပေးခြင်း။

(စ) ကျေးလက်ကျန်းမာရေးစောင့်ရှောက်မှုများတွင် ရေနှင့်မိလ္လာစနစ်အတွက် လုံလောက်သောဝန်ဆောင်မှုများ ရှိခြင်း။

(ဆ) ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပတ်သက်သည့် သတင်းအချက်အလက်များကို ဒေသတွင်းသုံးဘာသာစကားများ၊ ဒေသိယဘာသာစကားများဖြင့် ရေးသားခြင်း၊ ရုပ်ပုံများဆွဲခြင်း၊ ဟောပြောခြင်းများအပါအဝင် မီဒီယာများကိုအသုံးပြုခြင်းမှတဆင့် ဖြန့်ဝေရမည်။ သတင်းအချက်အလက်များတွင် တကိုယ်ရည်သန့်ရှင်းမှု၊ ကျန်းမာသောဘဝနေထိုင်မှုနှင့် အာဟာရရှိမှု၊ သားဆက်ခြားခြင်းနှင့် သင့်တော်သည့်အသက်အရွယ်တွင်ကိုယ်ဝန်ဆောင်ခြင်း၏ အကျိုးကျေးဇူးများ၊ ကိုယ်ဝန်ဆောင်စဉ်ကာလအတွင်းကျန်းမာရေး၊ မိခင်နို့တိုက်ကျွေးခြင်းနှင့် ၎င်း၏ မိခင်နှင့်ကလေးငယ်အပေါ် အကျိုးသက်ရောက်မှုများ စသော ကျန်းမာရေးနှင့်ပတ်သက်သည့်အချက်အလက်များနှင့် အမျိုးသမီးများအပေါ် လိင်ပိုင်းဆိုင် ရာအပါအဝင်အကြမ်းဖက်ခြင်းများနှင့် အန္တရာယ်များသောအလေ့အထများကျင့်သုံးခြင်းများကို ပပျောက်အောင် လုပ်ဆောင်ရန်လိုအပ်သော သတင်းအချက်အလက်များကို ဖြန့်ဝေခြင်း။

(ဇ) မိခင်နို့အစားထိုးထုတ်ကုန်များဈေးကွက် ထိထိရောက်ရောက်ဖြင့်ပုံမှန်လည်ပတ်ခြင်းနှင့် မိခင်နို့အစားထိုးထုတ်ကုန်များ၏ နိုင်ငံတကာဥပဒေသများအပေါ် အကောင်ထည်ဖော်ဆောင်ရွက်ခြင်းနှင့် စောင့်ကြည့်စစ်ဆေးခြင်း။

(ဈ) ကျေးလက်ကျန်းမာရေးဝန်ထမ်းများနှင့် အရပ်ဝမ်းဆွဲလက်သည်များကို ကျားမရေးရာနှင့် ယဉ်ကျေးမှုအလေးထားတုံ့ပြန်ဆောင်ရွက်မှုသင်တန်းများပေးခြင်း၊ ဝေးလံခေါင်ဖျားသောကျေးလက်ဒေသများတွင် တက်နိုင်သောအနေအထားရှိသည့် ကျန်းမာရေးဝန်ဆောင်မှုများကို ပံ့ပိုးပေးနိုင်သော ရွေ့လျားဆေးခန်းများကို ထောက်ပံ့ပေးခြင်း၊ အမျိုးသမီးများနှင့် အမျိုးသားများ၏ လိင်နှင့် မျိုးဆက်ပွားကျန်းမာရေးနှင့်အခွင့်အရေးများအပါအဝင် ကျေးလက်လူထု၏ ကျန်းမာရေးဆိုင်ရာအသိပညာများကို မြှင့်တင်ခြင်း။

(ည) စောင့်ရှောက်မှုပေးနေသူများအပါအဝင် ကျေးလက်နေအမျိုးသမီးများ ၎င်းတို့၏ကျန်းမာရေးလိုအပ်ချက်များကို ပြည့်မီစေရန် ကျေးလက်ဒေသများတွင်ရင်းနှီးမြှုပ်နှံခြင်းနှင့် အသေးစားကျန်းမာရေးအာမခံစီမံချက်များ ထောက်ပံ့ခြင်း။

## (ဂ) လူမှုစီးပွားဘဝ (စာချုပ်ပါအပိုဒ်ခွဲ ၁၄၊ စာပိုဒ် ၂(ဂ)၊ နှင့်အတူ စာချုပ်ပါအပိုဒ်ခွဲ (၁၁)၊ စာပိုဒ် ၁(င)၊ ၂(ခ)၊ စာချုပ်ပါ အပိုဒ်ခွဲ ၁၃(က)ကိုယှဉ်တွဲဖတ်ရန်

၄၀. စာချုပ်ပါအပိုဒ်ခွဲ ၁၄၊ စာပိုဒ် ၂(ဂ)အရ နိုင်ငံတော်မှ ကျေးလက်နေအမျိုးသမီးသည် လူမှုဖူလုံရေးအကျိုးကျေးဇူးများကို တိုက်ရိုက်ခံစားခွင့်ရှိရန် သေချာအောင်လုပ်ဆောင်ပေးရန်လိုအပ်သည်။ သို့သော်လည်း အများစုသော ကျေးလက်ဒေသရှိ အမျိုးသမီးများသည် အခကြေးငွေဖြင့် လုပ်ကိုင်ရသောလုပ်သားဈေးကွက်တွင် အခွင့်အရေးများ ကန့်သတ်ထားခံရခြင်းနှင့် အလုပ်သမားဥပဒေနှင့် လူမှုဖူလုံရေးဥပဒေများနှင့် ချိတ်ဆက်ထားသော တရားဝင် အလုပ်ခန့်ထားမှုနှင့် လည်ပတ်မှုမရှိသော လုပ်ငန်းဆောင်တာများနှင့် ပါဝင်ပတ်သက်နေရသည်မှာများသည်။ ထို့ကြောင့် ၎င်းတို့၏ အန္တရာယ်ကျရောက်မှုများ တိုးလာစေရန်တွန်းပို့ခြင်းခံနေရပြီး လူမှုလုံခြုံရေးကာကွယ်မှု ဆောင်ရွက်မှုများကို ၎င်းတို့၏အခြေနေများကို ထည့်သွင်းလုပ်ဆောင်ရမည်။

၄၁. လူမှုစီးပွားဘဝတွင် ကျေးလက်နေအမျိုးသမီးများအပေါ်အကြမ်းဖက်မှုပပျောက်စေရန် နိုင်ငံတော်သည် အောက်ပါ ဆောင်ရွက်မှုများကို လုပ်ဆောင်ပေးသင့်သည်။

(က) အထွေထွေထောက်ခံတိုက်တွန်းချက် ၁၆(၁၉၉၁) “ကျေးလက်နှင့်မြို့ပြဒေသများရှိ မိသားစုလုပ်ငန်းများမှ အခကြေးငွေမရရှိသော အမျိုးသမီးလုပ်သားများ” နှင့်လျော်ညီမှုရှိရန် ဝင်ငွေမရရှိသောနှင့် သမားရိုးကျမဟုတ်သောအခန်းကဏ္ဍများတွင် ပါဝင်လုပ်ကိုင်နေရသော ကျေးလက်နေမျိုးသမီးများသည် ငွေကြေးကျခံရန် မလိုအပ်သော လူမှုကာကွယ်ရေးဝန်ဆောင်မှုများကို လက်လှမ်းမီခြင်း၊ ဝင်ငွေရသောကဏ္ဍများတွင် လုပ်ကိုင်နေရသောအမျိုးသမီးများသည်လည်း ၎င်းတို့အခွင့်အရေးအရ ငွေကြေးမျှခံရန်လိုသော လူမှုဖူလုံရေးအကျိုးခံစားရခြင်းနှင့် ၎င်းတို့၏ အိမ်ထောင်ရေးအခြေအနေများကို ထည့်သွင်းမစဉ်းစားခြင်း။

(ခ) စာချုပ်ပါအပိုဒ်ခွဲ ၁၄၊ စာပိုဒ် ၂(ခ)၊ (ဇ) နှင့် ILO အထွေထွေထောက်ခံတိုက်တွန်းချက် ၂၀၂(၂၀၁၂) “လူမှုကာကွယ်ရေးအခြေမြစ်များ” နှင့်လျော်ညီမှုရှိစွာ ကျေးလက်နေအမျိုးသမီးများသည် မရှိမဖြစ်လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုများ၊ ကလေးသူငယ်စောင့်ရှောက်ရေးအထောက်အပံ့များနှင့်ဝင်ငွေဖူလုံရေးတို့ကို လက်လှမ်းမီနိုင်သည်မှာ သေချာစေရန်အတွက် ဂျဲန်ဒါအလေးထားတုံ့ပြန်ဆောင်ရွက်သော လူမှုကာကွယ်ရေးအခြေမြစ်များကိုကျင့်သုံးခြင်း။

## (ဃ) ပညာရေး (စာချုပ်ပါအပိုဒ်ခွဲ ၁၄၊ စာပိုဒ် ၂(ဃ)၊ နှင့်အတူ စာချုပ်ပါအပိုဒ်ခွဲ ၁၀(က)ကိုယှဉ်တွဲဖတ်ရန်•

၄၂. တစ်ကမ္ဘာလုံးအရ ကျေးလက်နေအမျိုးသမီးများနှင့် အမျိုးသမီးငယ်များ၏ စာတတ်မြောက်မှုနှုန်းသည် နိမ့်ကျလျက်ရှိပြီး ပညာသင်ကြားခွင့်နှင့် သင်တန်းများကို ရရှိလက်လှမ်းမီနိုင်ရန်ရှိလာပါကလည်း အမျိုးသမီးများမှာ အကျိုးခံစားခွင့်နည်းပါးလျက်ရှိနေသည်။ ကျေးလက်နေအမျိုးသမီးငယ်လေးများသည် ကလေးသူငယ်လက်ထပ်ခြင်း သို့မဟုတ် အတင်းအဓမ္မစေခိုင်းလက်ထပ်ခြင်း၏ သားကောင်များဖြစ်နိုင်ခြင်း၊ လိင်ပိုင်းဆိုင်ရာထိခိုက်စော်ကားခြင်းများကို ကြုံတွေ့ရနိုင်ခြင်းနှင့် ပညာသင်ကြားရေးအခင်းအကျင်းများတွင် ကျောင်းထွက်စေသည်အထိ တွန်းအားပေးစေသည့် အကြမ်းဖက်မှုများခံစားနေရသည်။ ကျေးလက်နေအမျိုးသမီးငယ်လေးများ၏ အိမ်မှုကိစ္စများဖြစ်သည့် ချက်ပြုတ်၊ကလေးထိန်း၊လယ်ယာအလုပ်၊ရေခပ်၊ထင်းရှာအလုပ်များ၊ကျောင်းနှင့်အိမ်အလှမ်းဝေးကွာခြင်း၊ အပျိုဖော်ဝင်ပြီး ရာသီလာနေသည့်အမျိုးသမီးငယ်လေးများ၏ လိုအပ်မှုဖြစ်သော လုံလောက်သောရေ၊ အိမ်သာနှင့် မိလ္လာစနစ်များ ကျောင်းတွင်မရှိခြင်းတို့ကြောင့် ၎င်းတို့၏ကျောင်းနေကာလမှာ တိုတောင်းသည်။ အချို့သောဒေသများတွင် အမျိုးသမီးငယ်လေးများ၏ စာသင်ကျောင်းတွင်သင်ကြားနေသော ဆရာ/ဆရာမများနှင့် ကျောင်းသူများမှာ အမျိုးသမီးများပညာသင်ကြားခွင့်ကို ဆန့်ကျင်သူများ၏ ခြိမ်းခြောက်တိုက်ခိုက်မှုများကို ခံနေရသည်။

၄၃. နိုင်ငံတော်သည် ကျေးလက်နေအမျိုးသမီးငယ်လေးများနှင့် အမျိုးသမီးများ၏ ပညာသင်ကြားခွင့်ကိုကာကွယ်ပေးသင့်ပြီး အောက်ပါအချက်များကိုလည်း သေချာစေရန်လုပ်ဆောင်ပေးရမည်။

(က) ကျေးလက်ဒေသများတွင် ပညာသင်ကြားရေးနှင့်သက်ဆိုင်သော အခြေခံအဆောက်အအုံများကို မြှင့်တင်ပေးခြင်း၊ အရည်အချင်းပြည့်မီသော ဆရာ/ဆရာမ အရေအတွက်တိုးပေးခြင်း၊ အခြေခံမူလတန်းမတက်မနေရဖြစ်စေရန်နှင့် အခမဲ့ဖြစ်စေခြင်းနှင့် ပညာသင်ကြားရေးစနစ်တွင် ဒေသသုံးဘာသာစကားနှင့် ယဉ်ကျေးမှုအရ သင့်လျော်သည့် ဆောင်ရွက်မှုများကိုပံ့ပိုးထားသည်မှာ သေချာစေခြင်းအားဖြင့် မသန်စွမ်းအမျိုးသမီးများအပါအဝင် ကျေးလက်ဒေသနေ အမျိုး သမီးနှင့် အမျိုးသမီးငယ်များအတွက် အရည်အသွေးပြည့်မီသောပညာရေးကို လက်လှမ်းမီနိုင်ခြင်းနှင့် တတ်နိုင်ခြင်း။

(ခ) ကျေးလက်နေအမျိုးသမီးငယ်များ၊ အမျိုးသမီးအခွင့်အရေးနှင့် ၎င်းတို့၏ပညာသင်ကြားခွင့်ကို ကန့်သတ်ထားသော လိင် သို့မဟုတ် ကျားမအခြေပြု၊ လူမျိုးနှင့် အခြားသော ပုံသေသွင်းမှုများကို တိုက်ထုတ်ဖယ်ရှားနိုင်ရန်အတွက် ပညာသင်ကြားရေးဝန်ထမ်းအဆင့်တိုင်းတွင် သင်တန်းများကို စနစ်တကျထောက်ပံ့ပေးခြင်း။ ကျောင်းသင်ရိုးညွှန်းတမ်း အတွင်းပါရှိနေသော ပုံသေသွင်းခွဲခြားသတ်မှတ်ထားသည့် မိသားစုနှင့်လူမှုအဖွဲ့အစည်းအတွင်း အမျိုးသမီးနှင့် အမျိုးသားများ၏ အခန်းကဏ္ဍများပပျောက်စေရန် သင်ရိုးညွှန်းတမ်းများကို ပြန်လည်သုံးသပ်ခြင်း။

(ဂ) ကျေးလက်ဒေသများတွင် အမျိုးသမီးငယ်များပညာသင်ကြားမှုအပေါ် မကောင်းသောအမြင်များ ပြောင်းလဲသွားစေရန် အသိပညာပေးအစီစဉ်များကို အကောင်ထည်ဖော်လုပ်ဆောင်ခြင်း၊ ကျေးလက်ဒေသရှိအမျိုးသမီးငယ်များနှင့် ၎င်းတို့၏မိဘများအတွက် ပညာသင်ကြားရာတွင် ကုန်ကျနိုင်သည်များကို ပညာသင်ဆုသို့မဟုတ် ငွေကြေး ထောက်ပံ့ခြင်း၊ ချေးငွေများနှင့် ငွေလွှဲပြောင်းခြင်းနှင့် ပို့ဆောင်ဆက်သွယ်ရေး စနစ်များကို ထောက်ပံ့ပေးခြင်းဖြင့် ပညာသင်ကြားလာစေရန်ဆွဲဆောင်ခြင်း။

(ဃ) ကျောင်းနေနိုင်ရန်အတွက် အတားအဆီးများထဲအပါအဝင်ဖြစ်သော ကျေးလက်နေအမျိုးသမီးငယ်လေးများ ပါဝင်လုပ်ကိုင်နေရသည့် အခကြေးငွေမရရှိသည့် စောင့်ရှောက်မှုအလုပ်များကို လျှော့ချပေးသည့် လုပ်ငန်းအစီအစဉ်များ ချမှတ်လုပ်ဆောင်ခြင်းနှင့် ကျောင်းတွင်းကျောင်းပြင်စနစ်အတွင်းဖြစ်ပွားသည့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခြင်းနှင့် အလွဲသုံးစားပြုလုပ်ခြင်းအပါအဝင် လုပ်အားခေါင်းပုံဖြတ်ခြင်း၊ ကလေးသူငယ် သို့မဟုတ် အတင်းအဓမ္မစေခိုင်း လက်ထပ်ခြင်းနှင့် ကျားမအခြေပြုအကြမ်းဖက်မှုများမှ ကာကွယ်ပေးခြင်း။

(င) အမျိုးသမီးငယ်များနှင့် ဆရာ/ဆရာမများ အမျိုးသမီးများပညာသင်ကြားခွင့်ကို ဆန့်ကျင်သူများ၏ တိုက်ခိုက်မှုကို ခံစားနေရသောကျေးလက်ဒေသများတွင် ပညာသင်ကြားရေးအခြေခံအုတ်မြစ်များကို ကာကွယ်ရန်မှာ လုံခြုံရေးအင်အားများအတွက် အဓိကဦးစားပေးဖြစ်စေခြင်း။

(စ) ကျေးလက်ဒေသနေအမျိုးသမီးငယ်များနှင့် အမျိုးသမီးများသည် သင်္ချာပညာရပ်၊ informatics၊ သဘာဝနှင့် စိုက်ပျိုးရေးသိပ္ပံ၊ နည်းပညာကဲ့သို့ ပုံမှန်ရွေးချယ်လေ့ရှိသော သင်ကြားရေးနယ်ပယ်နှင့် အလုပ်အကိုင်များ မဟုတ်သည်များနှင့် အိမ်တွင်းအခြေပြု သို့မဟုတ် ရပ်ရွာအခြေပြုစွန့်ဦးတီထွင်မှုနှင့်ဆက်စပ်သော လုပ်ငန်းအစီစဉ်များတွင် အသုံးပြုနိုင်ရန်အတွက် လုပ်ငန်းလမ်းညွှန်မှုများနှင့် ပညာရေးဆွေးနွေးတိုင်ပင်မှုအစီအစဉ်များရွေးချယ်ရန် တွန်းအားပေးခြင်း။

(ဆ) ကျေးလက်စာသင်ကျောင်းမှ ကိုယ်ဝန်ဆောင်အမျိုးသမီးငယ်များကို ကိုယ်ဝန်ဆောင်ကာလအတွင်း ကျောင်းမှ ခေတ္တရပ်နားခွင့်နှင့် မီးဖွားပြီးနောက် ကျောင်းသို့ပြန်လည်ဝင်ရောက်ခွင့်ပြုခြင်းနှင့် ကလေးသူငယ်စောင့်ရှောက်မှု အသုံးဆောင်များ၊ နို့တိုက်ကျွေးရာအခန်း၊ ထို့အတူ ကလေးသူငယ်စောင့်ရှောက်ခြင်းနှင့် နို့တိုက်ကျွေးခြင်းနှင့်သက်ဆိုင်သည့် တိုင်ပင်ဆွေးနွေးမှုများကိုပါ ရရှိနိုင်အောင်ပြုလုပ်ပေးခြင်း။

(ဇ) ကျေးလက်ကျောင်းများတွင် အမျိုးသမီးငယ်များ၊ အထူးသဖြင့် မသန်စွမ်းအမျိုးသမီးငယ်များအတွက် အဓိကစဉ်းစားပြီး သောက်သုံးရေ၊ အမျိုးသမီးငယ်များအတွက် သီးခြားဖြစ်ပြီး လုံခြုံ၍ အမိုးအကာပါသော အိမ်သာများ၊ တစ်ကိုယ်ရေသန့်ရှင်းမှုပညာပေးခြင်းများနှင့် ဓမ္မတာလာစဉ်တစ်ကိုယ်ရေသန့်ရှင်းမှုတွင် အသုံးပြုရသောပစ္စည်းများ အလုံအလောက်ရှိခြင်း။

(ဈ) ကျေးလက်ဒေသရှိအမျိုးသမီးများအတွက် သက်ကြီးစာတတ်မြောက်မှုအစီစဉ်များ ပံ့ပိုးပေးခြင်း။

(ည) အလုပ်လုပ်ကိုင်ရန်အတွက် လိုအပ်သော အလုပ်သင်အစီစဉ်များကို ကျေးလက်နေအမျိုးသမီးများအတွက် ဦးတည်ပြီး စီမံပေးခြင်းနှင့် ရေရှည်တည်တံ့သော လယ်ယာစိုက်ပျိုးခြင်းအလေ့အထများ၊ တိရစ္ဆာန်ကျန်းမာရေးနှင့် ဖွံ့ဖြိုးတိုးတက်သော စိုက်ပျိုးမွေးမြူမှုကဲ့သို့သော သက်မွေးဝမ်းကျောင်းပညာရပ်နှင့် ကျွမ်းကျင်မှုသင်တန်းများ၊ နည်းစနစ်များကို တန်းတူလက်လှမ်းမီခြင်း။

၄၄. ထို့အပြင် စာချုပ်ပါအပိုဒ်ခွဲ ၁၄၊ စာပိုဒ် ၂(ခ) "သင်တန်းများနှင့် ပညာသင်ကြားခြင်း"အရ ကျေးလက်နေအမျိုးသမီးများသည် လယ်လုပ်ငန်းပညာ၊ လယ်ယာထုတ်ကုန်နှင့် အမျိုးသမီးစီးပွားရေးမြှင့်တင်ခြင်းများအတွက် အဓိကအခန်းကဏ္ဍများဖြစ်သည့် ရပ်ရွာတွင်းနှင့် ထပ်တိုးဝန်ဆောင်မှုများမှ အကျိုးကျေးဇူးကိုရရှိခံစားခွင့်ရှိရန် လိုအပ်သည်။

၄၅. နိုင်ငံတော်သည် အမျိုးသမီးများကိုပါ လယ်သမားများ၊ ဖောက်သည်များအဖြစ် အသိမှတ်ပြုပြီး အရည်သွေးမြှင့် တိုးချဲ့စိုက်ပျိုးရေးနည်းများနှင့် ကျေးလက်အကြံပေးဝန်ဆောင်မှုများ ပိုမိုကောင်းမွန်လာစေရန်ပုံဖော်ပြီး ပေးအပ်ရ

မည်။ ထိုဝန်ဆောင်မှုများတွင် တိုးချဲ့စိုက်ပျိုးရေးနှင့်ကျေးလက်အကြံပေးဝန်ဆောင်မှု ဝန်ထမ်းများသည် ဂျဲန်ဒါ အလေးထားတုံ့ပြန်ဆောင်ရွက်သော လုပ်ငန်းအစီအစဉ်ပုံစံများကို ကျွမ်းကျင်ဆောင်ရွက်ပေးနိုင်ပြီး အမျိုးသမီး အခွင့်အရေး၊ ကျားမတန်းတူညီမျှမှု၊ ကျားမရေးရာ ခွဲခြမ်းလေ့လာခြင်းနှင့် ကျားမရေးရာ အလေးထားတုံ့ပြန် ဆောင်ရွက်သောလုပ်ငန်းအစီစဉ်များနှင့် ပတ်သက်ပြီး ပုံမှန်လေ့ကျင့်ထားပေးသူများဖြစ်ရမည်။ နိုင်ငံတော်သည် ကျားမရေးရာအလေးထားတုံ့ပြန်သော စိုက်ပျိုးရေးလုပ်ငန်းအစီစဉ်များကို သုံးသပ်ခြင်း၊ ကျေးလက်အကြံပေး မူဝါဒများနှင့် လုပ်ငန်းအစီအစဉ်များကို ကျင့်သုံးခြင်း၊ အကောင်ထည်ဖော်ခြင်းနှင့် ပုံမှန်စောင့်ကြည့်ထိန်းညှိခြင်း များ ပြုလုပ်သင့်သည်။

၄၆. နိုင်ငံတော်သည် တိုးချဲ့စိုက်ပျိုးရေးဝန်ဆောင်မှုများတွင် အမျိုးသမီးများကို ထပ်တိုးဝန်ထမ်းများနှင့် အကြံပေး ဝန်ထမ်းများအဖြစ် အများအပြားခန့်အပ်ပြီး ကျေးလက်အမျိုးသမီးများကိုယ်စားပြုမှုကို မြှင့်တင်ပေးသင့်ပြီး အဖွဲ့ အစည်းတွင်းမူဝါဒများသည် အမျိုးသမီးများ၏လိုအပ်မှုများကို အထောက်အပံ့ဖြစ်စေပြီး စိတ်ဓါတ်ခွန်အား တက် ကြွစေသည်မှာ သေချာစေရမည်။ နိုင်ငံတော်သည် စိုက်ပျိုးရေးသုတေသီ အမျိုးသမီးသိပ္ပံပညာရှင်များကို ထပ်ပေါင်း အလုပ်ခန့်ထားခြင်းဖြင့် ကျေးလက်နေအမျိုးသမီးများနှင့်သင့်လျော်သည့် တိုးချဲ့လုပ်ဆောင်မှုပမာဏကို ထပ်ထိုး သင့်သည်။

၄၇. နိုင်ငံတော်သည် စားနပ်ရိက္ခာရိပ်သိမ်းခြင်းနည်းပညာများ၊ တာရှည်ခံအောင်ထိန်းသိမ်းခြင်း၊ သိုလှောင်ခြင်း၊ စနစ် တကျလုပ်ဆောင်ခြင်း၊ ထုပ်ပိုးခြင်း၊ ဈေးကွက်တင်သွင်းခြင်းနှင့် စွန့်ဦးတီထွင်လုပ်ဆောင်ခြင်းစသော နည်းပညာ ပိုင်းဗဟုသုတများကို ကျေးလက်နေအမျိုးသမီးများလက်လှမ်းမီနိုင်ရန် အထူးသဖြင့် မြှင့်တင်ပေးသင့်သည်။

## (င) အလုပ်အကိုင်ရရှိမှု (စာချုပ်ပါအပိုဒ်ခွဲ ၁၄၊ စာပိုဒ် ၂(င)၊ နှင့်အတူ စာချုပ်ပါအပိုဒ်ခွဲ ၁၁ကိုယှဉ်တွဲဖတ်ရန်

၄၈. ကျေးလက်နေအမျိုးသမီးများသည် လုပ်အားခရရှိသော အလုပ်အကိုင်ရရှိနိုင်မှု အခွင့်အလမ်းမှာ အကန့်အသတ်ဖြင့် ရှိနေပြီး ရရှိနေသောအလုပ်များမှာလည်း အရည်သွေးနိမ့်ပြီး အချိန်ကြာမြင့်စွာလုပ်ကိုင်ရသော အလုပ်၊ အချိန်ပိုင်း အလုပ်၊ ရာသီအလိုက်လုပ်ရသောအလုပ်၊ လုပ်ခနည်းပါးသောအလုပ်၊ လုပ်ခလစာမရသောအလုပ်၊ အိမ်တွင်းအခြေ ပြုလုပ်ရသောအလုပ်များနှင့် အိမ်သုံးစိုက်ပျိုးရေးအလုပ်များသာဖြစ်ရန် အလားလာရှိနေသည်။ ၎င်းတို့သည် လူမှု ကာကွယ်ရေးဝန်ဆောင်မှုများမရရှိသည့် သမားရိုးကျမဟုတ်သော အခန်းကဏ္ဍများတွင် အချိုးစားမမျှတစွာပါဝင် နေရသည်။ ဝင်ငွေရရှိမှုအခွင့်အလမ်းကို လက်လှမ်းမီနိုင်မှုမညီမျှမှုသည် ကျေးလက်ဒေသရှိ အမျိုးသမီးများကို အမျိုးသားများထက် ပို၍ ဆင်းရဲသောရလဒ်ကိုဖြစ်ပေါ်စေသည်။

၄၉. ဒေသအတော်များများရှိ စိုက်ပျိုးရေးလုပ်သားများတွင် ကျေးလက်နေအမျိုးသမီးများ၏အရေအတွက်မှာ အများဆုံး ဖြစ်နေပြီး ဓါတ်မြေသြဇာများသုံးစွဲမှုမမှန်ခြင်း၊ အလွန်အကျွံသုံးစွဲခြင်းနှင့် ပိုးသတ်ဆေးများကို အသုံးပြုခြင်းများ ကြောင့် ဖျားနာခြင်း၊ အရွယ်မတိုင်ခင်သေဆုံးခြင်း၊ ကိုယ်ဝန်ဆောင်စဉ်အခက်အခဲများဖြစ်ခြင်း၊ သန္ဓေသားမူမမှန် ခြင်း၊ မွေးကင်းစကလေးငယ်နှင့် ကလေးများ၏ ကာယပိုင်းနှင့် ဖွံ့ဖြိုးတိုးတက်မှုကိုမူမမှန်မှုဖြစ်စေခြင်း ကဲ့သို့သော ကျန်းမာရေးအန္တရယ်ကို ထိခိုက်စေနိုင်မှုပိုများစေသည်။ ထိုအန္တရယ်များတွင် စိုက်ပျိုးရေးပူးပေါင်းဆောင်ရွက် မှုများ၊ လယ်သမားနှင့် ကုန်ထုတ်လုပ်သူအဖွဲ့အစည်းများ၊ မြေယာစီမံခန့်ခွဲမှုများ၊ ကျေးလက်လုပ်သားအဖွဲ့အ စည်းများတွင် ကိုယ်စားပြုခွင့်မရခြင်းနှင့် ထပ်တိုးဝန်ဆောင်မှုများလက်လှမ်းမီရန် အကန့်အသတ်များတို့ပါ ထပ်၍ ပေါင်းလာသည်။

၅၀. အထွေထွေထောက်ခံတိုက်တွန်းချက် ၁၃(၁၉၈၉) “တူညီသောလုပ်အားခနှင့် တူညီသောတန်ဖိုး”နှင့် လျော်ညီ မှုရှိစေရန် နိုင်ငံတော်သည် ကျေးလက်နေအမျိုးသမီးများ၏ လုပ်အားကိုယ်စားပြုမှုနှင့် အခြေအနေများကို အထူး အလေးပေးပြီး ၎င်းတို့၏ ဥပဒေများနှင့် မူဝါဒလုပ်ငန်းဘောင်များတွင် သင့်တင့်ကောင်းမွန်သည့်အခြေအနေတွင် ရှိသော အလုပ်လုပ်ခွင့်နှင့် တူညီသောလုပ်ငန်းတန်ဖိုးအတွက် တူညီသောအခြေခံလုပ်အားခတို့သည် အပြည့်အဝ ပါဝင် ပေါင်းစပ်အောင်လုပ်ဆောင်ပေးသင့်သည်။

၅၁. နိုင်ငံတော်သည် စုပေါင်းလူမှုစီးပွားရေးလုပ်ငန်းများကို မြှင့်တင်ပေးခြင်းမှတဆင့်အပါအဝင် ကျေးလက်ဒေသ စီးပွားရေးလုပ်ငန်းများကို အားကောင်းစေရန်ပြုလုပ်ပေးသင့်ပြီး ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကိုရှေးရှုပြီး ကျေးလက်နေ အမျိုးသမီးများအတွက် ဒေသတွင်းအလုပ်အကိုင်အခွင့်အလမ်းများနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ဖန်တီးပေးရမည်။ နိုင်ငံတော်သည် ကျေးလက်နေအမျိုးသမီးများ၏ သင့်တင့်ကောင်းမွန်သော အလုပ်အကိုင်ရရှိ ခွင့်ကို ကန့်သတ်ထားသော ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ မူဝါဒများကိုပြန်လည်သုံးသပ်ခြင်းနှင့် အချို့သော လုပ်ငန်းခွင်များတွင် အမျိုးသမီးများကို မငှားရမ်းခြင်းကဲ့သို့သော ကျေးလက်လုပ်သားဈေးကွက်အတွင်း အမျိုး သမီးများကို ခွဲခြားဆက်ဆံထားသောအလေ့အထများကို ဖယ်ရှားပေးသင့်သည်။

၅၂. နိုင်ငံတော်သည် ကျေးလက်နေအမျိုးသမီးများ၏ အလုပ်အကိုင်ရရှိခွင့်ကို ပိုမိုသေချာစေရန် အောက်ပါအချက်များ ကိုလည်းဆောင်ရွက်ပေးရမည်။

(က) ILO၏ အထွေထွေထောက်ခံတိုက်တွန်းချက် ၂၀၄(၂၀၁၅) "ဝင်ငွေမရသောစီးပွားရေးမှ ဝင်ငွေရ စီးပွားရေး အသွင် ကူးပြောင်းခြင်းဆက်နွယ်မှု၊ ဝင်ငွေဖူလုံမှုနှင့် တိုးတက်သောအသက်မွေးဝမ်းကျောင်း လုပ်ငန်းအခွင့် အလမ်းများသေချာစေခြင်း" ကိုအကောင်အထည်ဖော်သည့် အနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းကဏ္ဍ အပါဝင် ကျေးလက်နေအမျိုးသမီးများ ဝင်ငွေမရသည့်စီးပွားရေးမှသည် ဝင်ငွေရသည့်စီးပွားရေးလုပ်ငန်းသို့ အကူး အပြောင်းကာလတွင် ပံ့ပိုးကူညီထောက်ပံ့ပေးခြင်း။

(ခ) ကျေးလက်နေအမျိုးသမီးများ စီးပွားရေးလုပ်ငန်းများနှင့် စွန့်ဦးလုပ်ငန်းများလုပ်ဆောင်နိုင်ရန်အတွက် အသေးစား ချေးငွေထောက်ပံ့ခြင်းမှတဆင့် အပါအဝင် အခွင့်အလမ်းများဖြန့်ကျက်ပေးခြင်း။

(ဂ) ကျေးလက်နေအမျိုးသမီးများ၏ အလုပ်လုပ်ကိုင်မှုအခြေအနေတိုးတက်လာစေရန် လုပ်ခလစာခံစားခွင့်ရှိ သော မီးဖွားခွင့်၊ ဝင်ငွေမရရှိသော လုပ်ငန်းများအတွက် အရေးပေါ်အလေးထားပြီး အသက်ရှင်နေထိုင်မှုအသုံး စရိတ်များကို သတ်မှတ်ခြင်းတို့အပါဝင် ထောက်ပံ့ပေးခြင်းနှင့် လုပ်ငန်းခွင်အတွင်း လိင်ပိုင်းဆိုင်ရာထိခိုက် စော်ကားမှုများ၊ ခေါင်းပုံဖြတ်မှုများနှင့် နည်းမျိုးစုံဖြင့် အကြမ်းဖက်မှုများကို တားဆီးကာကွယ်ရန်လုပ်ဆောင် ပေးခြင်း။

(ဃ) သင့်တင့်ကောင်းမွန်သော အလုပ်လုပ်ကိုင်မှုအခြေအနေရှိမှုသေချာစေရန် စုပေါင်းညှိနှိုင်းခြင်းဖြင့် ကျေးလက် နေအမျိုးသမီးလုပ်သားများ၏အခွင့်အရေးများကို ကာကွယ်ပေးရန်။

(င) ကျေးလက်နေအမျိုးသမီးများ၏ လုပ်ငန်းခွင်အတွင်း ကျန်းမာရေးနှင့် လုံခြုံစိတ်ချမှုကို ဥပဒေပြုခြင်းဖြင့် ကာကွယ်ပေးခြင်းနှင့် အန္တရာယ်ရှိသောဓာတုပစ္စည်းများ ထုတ်လုပ်ခြင်းမှကာကွယ်ရန် အခြားသောလုပ်ဆောင် မှုများကို လုပ်ဆောင်ပေးခြင်း။ ၎င်းတို့အနေဖြင့် ဓါတုပစ္စည်းများထုတ်လုပ်ခြင်း၊ သုံးစွဲခြင်း၊ အထူးသဖြင့် အန္တရာယ်များသော ဓာတုပစ္စည်းများ၊ ပိုးသတ်ဆေးများနှင့် အခြားသော စိုက်ပျိုးရေးသုံးထုတ်ကုန်များ၊ ထုတ်လုပ်ရေးများနှင့် စက်မှုလုပ်ငန်းများမှ ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်အပေါ်သက်ရောက်မည့် အကျိုးဆက်များ၏ သတင်းအချက်အလက်များကိုလည်း ရရှိသင့်သည်။ နိုင်ငံတော်သည် ထိုဖြစ်ပေါ်လာမည့် အကျိုးဆက်နှင့်စပ်လျဉ်းသည့် လူထုအသိပညာပေးအစီစဉ်များကို ရေးဆွဲအကောင်ထည်ဖော်ပေးသင့်ပြီး၊ အခြားတစ်နည်းအားဖြင့်လည်း ကျေးလက်နေအမျိုးသမီးများနှင့် ၎င်းတို့ရပ်ရွာ၏ ရှင်းလင်းသေချာစွာခွင့်ပြု ခြင်းမရှိဘဲ ထိုအန္တရာယ်များသော ပစ္စည်းများ၊ အရာဝတ္ထုများကို အသုံးပြုခြင်း၊ သိုလှောင်ခြင်း၊ စွန့် ပစ်ခြင်းများ မပြုလုပ်သည်မှာ သေချာစေရမည်။

(စ) ဖျားနာခြင်းနှင့် ခံစားခွင့်မရှိခြင်းများဖြစ်ပေါ်လာခြင်းများအပါအဝင် ကျေးလက်နေအမျိုးသမီးများ၏ လူမှုဖူ လုံရေး ကိုပံ့ပိုးပေးခြင်း။

(ဆ) ဒေသတွင်းနှင့် ကမ္ဘာ့တန်ဖိုးမြင့်ထုတ်ကုန်များကို တန်ဖိုးမြှင့်တင်ခြင်းနှင့် ဈေးကွက်တွင်းတွင် ကျေးလက်နေ အမျိုးသမီးများသည် ကုန်ထုတ်လုပ်သူများ၊ စွန့်ဦးလုပ်ငန်းရှင်များ၊ ကုန်သွင်းသူများ၊ အလုပ်သမားများနှင့် စားသုံးသူများအဖြစ် တက်ကြွစွာနှင့် ထိရောက်စွာပါဝင်လုပ်ဆောင်နိုင်ရန် မြှင့်တင်ပေးနိုင်ရန်အတွက်

အရည်အသွေးအာမခံနိုင်မှုနှင့် အဆင့်အတန်းအပေါ် လုပ်ဆောင်မှုဖွံ့ဖြိုးတိုးတက်စေနိုင်ရန် မြှင့်တင်ပေးခြင်း အပါအဝင် အများပြည်သူ ထိန်းသိမ်းစောင့်ရှောက်ခြင်းများကို လုပ်ဆောင်ပေးခြင်း။

(ဈ) အမျိုးသမီးများ၏ အခကြေးငွေမရရှိသော စောင့်ရှောက်မှုအလုပ်များလျော့ပါးစေရန်၊ လုပ်အားခရသော လုပ်ငန်းများအတွင်းပါဝင်လုပ်ဆောင်နေမှုကို ထိန်းညှိပံ့ပိုးပေးရန်နှင့် အလုပ်လုပ်ချိန်အတွင်း မိမိကလေးငယ်အား နို့တိုက်ကျွေးခွင့်ရနိုင်ရန်အလို့ငှာ ကျေးလက်ဒေသများတွင် တစည်းတလုံးဖြစ်ခြင်းနှင့် လူထုအခြေပြု စောင့်ရှောက်မှုဝန်ဆောင်မှုများမှတဆင့် ကလေးသူငယ်နှင့် အခြားသော စောင့်ရှောက်ဝန်ဆောင်မှုများကို ပံ့ပိုးပေးခြင်း။

(ည) ကျေးလက်နေအမျိုးသမီးများ မိမိတို့နေထိုင်ရာဒေသများအတွင်း အလုပ်အကိုင်ရရှိနိုင်မှုကိုမြှင့်တင်ပေးနိုင်ရန် ရည်မှန်းထားသောလုပ်ဆောင်မှုများကို ပုံဖော်ခြင်းနှင့် အကောင်အထည်ဖော်ခြင်းများ၊ အတိအကျဆိုရသော် ဝင်ငွေရရှိနိုင် သည့်လုပ်ဆောင်မှုများကို ဖန်တီးပေးခြင်း။

## (စ) နိုင်ငံရေးနှင့် အများပြည်သူဆိုင်ရာလူမှုဘဝ
## (စာချုပ်ပါအပိုဒ်ခွဲ ၁၄၊ စာပိုဒ် ၂(ခ)၊ ၂(စ)၊ နှင့်အတူ စာချုပ်ပါအပိုဒ်ခွဲ ၇ ကို ယှဉ်တွဲဖတ်ရန်

၅၃. ကျေးလက်နေအမျိုးသမီးများသည် ဆုံးဖြတ်ချက်ချခြင်းအဆင့်အတိုင်းတွင်ပါဝင်ခွင့်နှင့် ရာထူးအာဏာမြင့်သူများနှင့်ရပ်ရွာအဆင့်ဆွေးနွေးပွဲများတွင်ပါဝင်ခွင့်ရှိသည်။ သို့သော်လည်း ၎င်းတို့သည် ကျေးရွာတိုးချဲ့မှုလုပ်ငန်းနှင့် ရေ၊ သစ်တောနှင့် ငါးဖမ်းလုပ်ငန်းဝန်ဆောင်မှုများ၏ သမဝါယမလုပ်ငန်းများနှင့် ကျေးရွာ သို့မဟုတ် ခေါင်းဆောင် ကောင်စီများတွင် တရားဝင်ရွေးကောက်တင်မြှောက်ထားသူများ၊ ပြည်သူ့ဝန်ထမ်းများအဖြစ် ကိုယ်စားပြုမှုမှာ လုံလောက်မှုမရှိပေ။ ၎င်းတို့၏ ပါဝင်နိုင်ခွင့်အကန့်အသတ်များရှိနေခြင်းမှာ ပညာတတ်မြောက်မှုမရှိခြင်း၊ ဘာသာစကားနှင့် စာပေ ကန့်သတ်ချုပ်ချယ်မှုများ၊ ရွှေ့ပြောင်းသယ်ယူပို့ဆောင်ခြင်း အကန့်သတ်ရှိမှု၊ ပဋိပက္ခနှင့်လုံခြုံရေး ပြဿနာများ၊ ကျားမရေးရာစံနှုန်းခွဲခြားဆက်ဆံမှုများနှင့် ပုံသေသွင်းမှုများ၊ ကလေးထိန်းခြင်း၊ ရေခပ်ခြင်းနှင့် အခြားသောဝတ္တရားများကြောင့် အချိန်မရှိခြင်းတို့ကြောင့်ဖြစ်နိုင်သည်။ သက်ဆိုင်သည့်ဥပဒေအပေါ် သိရှိမှုအကန့်အသတ်ရှိခြင်း၊ နိုင်ငံရေးနှင့် အဖွဲ့အစည်းဆိုင်ရာလုပ်ထုံးလုပ်နည်းများသည်လည်း ၎င်းတို့၏ ဆုံးဖြတ်ချက်ချခြင်း လုပ်ငန်းစဉ်များတွင် ထိရောက်စွာပါဝင်နိုင်မှုကို အကန့်အသတ်ဖြစ်စေသည်။

၅၄. နိုင်ငံတော်သည် ကျေးလက်နေအမျိုးသမီးများအနေဖြင့် နိုင်ငံရေးနှင့် အများပြည်သူဆိုင်ရာလူမှုဘဝနှင့် ဆုံးဖြတ်ချက်ချမှုအဆင့်တိုင်းတွင် တက်ကြွစွာ၊ လွတ်လပ်စွာ၊ ထိရောက်မှုရှိစွာ၊ အဓိပ္ပါယ်ပြည့်ဝစွာ နှင့် ကောင်းစွာသိရှိပါဝင်လုပ်ဆောင်နိုင်ရန်အတွက် အထွေထွေထောက်ခံတိုက်တွန်းချက် ၂၃နှင့် ၂၅ကို အကောင်ထည်ဖော်ဆောင်ရွက်ပေးသင့်သည်။ အထူးသဖြင့် –

(က) မြေယာ၊ သစ်တော၊ ငါးဖမ်းလုပ်ငန်းနှင့် ရေအရင်းမြစ်စီမံခန့်ခွဲမှုအပါအဝင် သဘာဝအရင်းအမြစ် စီမံခန့်ခွဲမှုများ၏ အုပ်ချုပ်စီမံသည့်အစိတ်အပိုင်းများနှင့် အထူးသဖြင့်လွှတ်တော်အတွင်းတွင် ကျေးလက်နေအမျိုးသမီးများ ကိုယ်စားပြုပါဝင်နိုင်ရန် ပစ်မှတ်ထားခြင်းနှင့် အချိုးကျပါဝင်မှုခွဲတမ်းစနစ်တည်ထောင်ပေးခြင်း။ ထိုအကြောင်းအရာနှင့်စပ်လျဉ်း၍ အမျိုးသမီးနှင့် အမျိုးသားများအကြား တန်းတူညီမျှမှုသို့ရောက်ရှိနိုင်ရေးအတွက် ရှင်းလင်းသောရည်ရွယ်ချက်များနှင့် သတ်မှတ်ကာလများကို နေရာတကျရှိသင့်သည်။

(ခ) ကျေးလက်နေအမျိုးသမီးများနှင့် ၎င်းတို့၏အဖွဲ့အစည်းများသည် မူဝါဒများဖန်တီးရေးဆွဲခြင်း၊ အကောင်အထည်ဖော်လုပ်ဆောင်ခြင်းနှင့် စောင့်ကြည့်လေ့လာခြင်းအဆင့်တိုင်းနှင့် ၎င်းတို့အပေါ်သက်ရောက်မှုရှိသည့် နယ်ပယ်တိုင်းတွင် လွှမ်းမိုးမှုရှိသည်မှာသေချာစေရန် နိုင်ငံရေးပါတီများ၊ လူထုနှင့်ရပ်ရွာကောင်စီများကဲ့သို့သော ဒေသတွင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်သည့် ကဏ္ဍများတွင်ပါဝင်လုပ်ဆောင်ခြင်း၊ နိုင်ငံတော်သည် ခွဲခြားဆက်ဆံမှုများပပျောက်စေရန် အတွက် လူထုအဖွဲ့အစည်းများအားလုံးတွင် ကျေးလက်အမျိုးသမီးများ၏ပါဝင်မှုကို စောင့်ကြည့်လေ့လာရန် ပုံဖော် ရေးဆွဲခြင်းနှင့် အကောင်ထည်ဖော်လုပ်ဆောင်ခြင်းများကိုလုပ်ဆောင်သင့်သည်။

(ဂ) ဆုံးဖြတ်ချက်ချမှတ်ခြင်းနှင့် ရပ်ရွာအဆင့်နိုင်ငံရေးဖြစ်စဉ်များအပါအဝင် အမျိုးသမီးနှင့် အမျိုးသားများကြား ရှိ အာဏာဆက်နွယ်မှုမှာ မညီမျှသည်ကိုသိရှိစေခြင်းနှင့် ထိရောက်မှုရှိပြီး ကျားမရေးရာအလေးထား တုံ့ပြန် ဆောင်ရွက်သော ကျေးရွာဆုံးဖြတ်ချက်ချခြင်း ဖွဲ့စည်းတည်ဆောက်ပုံများကို တည်ထောင်ပေးခြင်းဖြင့် ကျေးလက်နေအမျိုးသမီးများ၏ ရပ်ရွာလူမှုဘဝတွင် ပါဝင်နိုင်မည့်အခက်အခဲများကို ဖယ်ရှားပေးခြင်း။ နိုင်ငံတော်အနေဖြင့် ကျေးလက်နေအမျိုးသမီးများ၏ ရပ်ရွာလူမှုဘဝတွင် ပါဝင်နိုင်ရန် လက်တွေ့ဖြစ်ပေါ် နေသောအတားအဆီးများကို ထိရောက်စေသောလုပ်ဆောင်မှု လုပ်ငန်းစဉ်များရေးဆွဲသင့်ပြီး ကျေးရွာတွင်း ဆုံးဖြတ်ချက်ချမှုများတွင် အမျိုးသမီးများပါဝင်မှု၏ အရေးကြီးပုံကို အသိပညာပေးရန် လူထုလှုံ့ဆော်မှုများ အကောင်ထည်ဖော်ဆောင်ရွက်သင့်သည်။

(ဃ) စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာများ အသေးစိတ်ပြင်ဆင်ခြင်းနှင့် အကောင်ထည် ဖော်ဆောင်ရွက်ခြင်းများတွင် ကျေးလက်နေအမျိုးသမီးများပါဝင်မှုကို သေချာစေခြင်း၊ ရေ၊ မိလ္လာ၊ သယ်ယူပို့ ဆောင်ရေးနှင့် စွမ်းအင တို့အပါအဝင် ကျေးလက်အဆောက်အအုံများနှင့် ဝန်ဆောင်မှုလုပ်ငန်းများ၊ ထို့နည်းတူ စိုက်ပျိုးရေး သမဝါယမလုပ်ငန်းများ၊ ကုန်ထုတ်လယ်သမား အဖွဲ့အစည်းများ၊ ကျေးလက်အလုပ်သမား အဖွဲ့အစည်းများ၊ ကိုယ်ထူကိုယ်ထအဖွဲ့များ၊ စိုက်ပျိုးမွေးမြူရေး အစုအဖွဲ့များနှင့် ဆက်စပ်နေသည့် အစီအစဉ် များရေးဆွဲခြင်းနှင့် ဆုံးဖြတ်ချက်ချမှတ်ခြင်းများတွင် ထိရောက်စွာပါဝင်နိုင်မှုရှိသည်မှာ သေချာစေခြင်း။ ကျေးလက်နေအမျိုးသမီးများနှင့် ၎င်းတို့ကိုကိုယ်စားပြုသူများသည် စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးတိုး တက်ရေးမဟာဗျူဟာများအားလုံး၏ စစ်တမ်းများကောက်ယူခြင်း၊ ခွဲခြမ်းစိတ်ဖြာခြင်း၊ အစီစဉ်များရေးဆွဲ ခြင်း၊ ငွေကြေးလျာထားခြင်း၊ ငွေကြေးစီမံခန့်ခွဲခြင်း၊ အကောင်ထည်ဖော်ဆောင်ရွက် ခြင်း၊ စောင့်ကြည့်လေ့ လာခြင်းနှင့် ပြန်လည်သုံးသပ်ခြင်းအားလုံးတွင် တိုက်ရိုက်ပါဝင်နိုင်သင့်သည်။

(င) ကျေးလက်ဖွံ့ဖြိုးရေးစီမံကိန်းများကို အကောင်ထည်ဖော်ရာတွင် ကျေးလက်နေအမျိုးသမီးများ အပြည့်အဝ ပါဝင်လုပ်ဆောင်ထားသော ကျားမရေးရာထည့်သွင်းပါဝင်မှုနှင့် သဘာဝပတ်ဝန်းကျင်အပေါ်အကျိုးသက် ရောက်မှု စစ်တမ်းများကောက်ယူပြီးမှုနှင့် ၎င်းတို့၏ လွတ်လပ်စွာဖြင့် ခွင့်ပြုမှုအရင်ရရှိပြီးကြောင်း သေချာ စေရန်။ ယင်းစီမံကိန်းများကို အကောင်ထည်ဖော်ခြင်းနှင့်စပ်လျဉ်းသည့် မည်သည့်ဆုံးဖြတ်ချက်မျိုးကိုမဆို ချမှတ်ရာတွင် အမျိုးသမီးများအပါအဝင် အားလုံးပါဝင်ကောက်ယူထားသည့် စစ်တမ်းရလဒ်များကို အခြေခံ မရှိမဖြစ်လိုအပ်ချက်များ အဖြစ်သတ်မှတ်ရမည်ဖြစ်သည်။ သဘာဝပတ်ဝန်းကျင်နှင့် ကျားမရေးရာအပေါ် သက်ရောက်နိုင်ချေရှိ သည့်ဆိုးကျိုးများကို လျော့ပါးစေရန် ထိရောက်မှုရှိသော လုပ်ဆောင်မှုများကိုလုပ် ဆောင်သင့်သည်။

(စ) အထွေထွေထောက်ခံတိုက်တွန်းချက် ၃၀နှင့်လျော်ညီစွာဖြင့် နိုင်ငံတော်သည် ပဋိပက္ခဖြစ်ပွားရာနှင့် ပဋိပက္ခ လွန်အခြေအနေများတွင် ကျေးလက်နေအမျိုးသမီးများသည် ငြိမ်းချမ်းရေးဖော်ဆောင်ခြင်း ကြိုးပမ်းမှုများနှင့် ဖြစ်စဉ်များတွင် ဆုံးဖြတ်ချမှတ်သူများအဖြစ်ပါဝင်သည်မှာ သေချာစေရန်လုပ်ဆောင်သင့်သည်။

## (ဆ) မြေယာနှင့် သဘာဝအရင်းအမြစ်များ (စာချုပ်ပါအပိုဒ်ခွဲ ၁၄၊ စာပိုဒ် ၂(ဆ)နှင့်အတူ စာချုပ်ပါ– အပိုဒ်ခွဲ ၁၃ ကိုယှဉ်တွဲ ဖတ်ရန်•

၅၅. ကျေးလက်ဒေသရှိအမျိုးသမီးများ၏ မြေယာနှင့် သဘာဝအရင်းအမြစ်များအပေါ်အခွင့်အရေးများမှာ အကန့်အသတ် ဖြင့်သာ ရရှိလေ့ရှိသည်။ ဒေသအတော်များများတွင် ကျေးလက်နေအမျိုးသမီးများသည် အထူးသဖြင့် အမျိုးသား များချုပ်ကိုင်ထားသည့် အများပြည်သူနှင့် ဆက်ဆိုင်သောမြေယာကိစ္စရပ်များအပါအဝင် မြေယာအခွင့်အရေးများ တွင် ရရှိခံစားခွင့်များကို ခွဲခြားဆက်ဆံခြင်းများခံနေရသည်။

## ဆ.၁ မြေယာနှင့် သဘာဝအရင်းအမြစ်များ

၅၆. ကော်မတီအနေဖြင့် ကျေးလက်နေအမျိုးသမီးများ၏ မြေယာ၊ ရေ၊ မျိုးစေ့၊ သစ်တောအပါအဝင် သဘာဝအရင်းအမြစ်များ၊ ထို့နည်းတူ ငါးဖမ်းလုပ်ငန်းများရရှိခံစားခွင့်များကို မရှိမဖြစ်လိုသော အခြေခံလူ့အခွင့်အရေးများအဖြစ် ယူဆပါသည်။ ၎င်းအခွင့်အရေးများကို ကျေးလက်နေအမျိုးသမီးများရရှိခံစားနိုင်ရန်အတွက် တားဆီးနေသော အခက်အခဲများတွင် ဒေသတွင်းနှင့် နိုင်ငံတော်အဆင့်တိုင်းတွင် ခွဲခြားဆက်ဆံထားသောဥပဒေများ၊ သဟဇာတဖြစ်သော ဥပဒေမရှိခြင်းများနှင့် ဥပဒေဖော်ဆောင်မှုထိရောက်မှုမရှိခြင်းများနှင့် ထုံးတမ်းစဉ်လာအရခွဲခြားဆက်ဆံထားသောသဘောထားများနှင့် အလေ့အထများလည်းပါဝင်သည်။

၅၇. နိုင်ငံတော်အနေဖြင့် ယာယီအထူးလုပ်ဆောင်ချက်များအပါအဝင် လိုအပ်သောလုပ်ဆောင်မှုများအားလုံးကို ကျေးလက်နေအမျိုးသမီးများ မြေယာနှင့် သဘာဝအရင်းအမြစ်များနှင့်သက်ဆိုင်သည့် အခွင့်အရေးများအားလုံးတွင် တန်းတူညီမျှမှုရှိစေရန်လုပ်ဆောင်ပေးသင့်ပြီး၊ ၎င်းတို့၏ မြေယာနှင့် သဘာဝအရင်းအမြစ်အခွင့်အရေးများကို အဟန့်အတားဖြစ်စေသော ခွဲခြားဆက်ဆံထားသောပုံသေသွင်းမှုများ၊ သဘောထားများနှင့်အလေ့အထများကို သိရှိစေရန်အတွက် နားလည်သဘောပေါက်လွယ်သော မဟာဗျူဟာတစ်ခုကို ပုံဖော်ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော် လုပ်ဆောင်ခြင်း ပြုလုပ်သင့်သည်။

၅၈. နိုင်ငံတော်သည် အထူးသဖြင့်ကျေးလက်ဒေသများရှိ မြေယာအုပ်ချုပ်စီမံခြင်း၊ ခန့်ခွဲခြင်းနှင့် လွှဲပြောင်းခြင်းများကို လွှမ်းမိုးအုပ်ချုပ်ထားသည့် ဓလေ့ထုံးတမ်းစနစ်များကို အထူးအလေးပေးဂရုစိုက်သင့်ပြီး ယင်းဥပဒေများသည် ကျေးလက်နေအမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံမှုမပြုသည်မှာ သေချာစေရမည်။ နိုင်ငံတော်သည် ကျေးလက်နေအမျိုးသမီးများ၏ မြေယာ၊ ရေနှင့် အခြားသဘာဝအရင်းအမြစ်များ အပေါ်အခွင့်အရေး များကို ရိုးရာ၊ ဘာသာရေး၊ ဓလေ့ထုံးတမ်းခေါင်းဆောင်များ၊ ဥပဒေပြုသူများ၊ တရားစီရင်ရေးအရာရှိများ၊ ရှေ့နေများ၊ ဥပဒေဖော်ဆောင်သည့်အာဏာပိုင်များ၊ မီဒီယာများနှင့် အခြားသင့်လျော်သည့်ပါဝင်လုပ်ဆောင်သူများအကြားတွင် အသိပညာပေးခြင်းများ မြှင့်တင်ပေးသင့်သည်။

၅၉. နိုင်ငံတော်သည် ဥပဒေပြုခြင်းများတွင် ကျေးလက်နေအမျိုးသမီးများ၏ မြေယာ၊ ရေနှင့် အခြားသောသဘာဝအရင်းအမြစ်များအပေါ်အခွင့်အရေးများကို ၎င်းတို့၏ နိုင်ငံသားနှင့်အိမ်ထောင်ရေးအခြေအနေ သို့မဟုတ် အမျိုးသားအုပ်ထိန်းသူ၊ အာမခံသူဖြစ်စေ ထည့်မတွက်ဘဲ အမျိုးသားများနှင့်တူညီသော အခြေခံရရှိမှုကို အာမခံနိုင်ရန်သေချာစေသင့်ပြီး ဥပဒေအရလုပ်နိုင်စွမ်းအပြည့်အဝရရှိစေသင့်သည်။ နိုင်ငံတော်မှ ကျေးလက်နေဒေသခံအမျိုးသမီးများသည် ဒေသခံအမျိုးသားများကဲ့သို့ ၎င်းတို့ အစဉ်လာအရပိုင်ဆိုင်ထားသော၊ ရယူထားသော သို့မဟုတ် အသုံးပြုထားသော သို့မဟုတ် သိမ်းထားသော မြေယာ၊ ရေ၊ သစ်တော၊ ငါးဖမ်းလုပ်ငန်း၊ ရေလုပ်ငန်းနှင့် အခြားသောအရင်းအမြစ်များကို ပိုင်ဆိုင်ခွင့်နှင့် ထိန်းချုပ်ခွင့်ရှိစေရန် ကျေးလက်နေအမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံခြင်းနှင့် ပိုင်ဆိုင်ခွင့်မပြုခြင်း များမှကာကွယ်ခြင်းရှိသည်မှာ သေချာစေသင့်သည်။ ထို့ပြင် နိုင်ငံတော်အနေဖြင့် အောက်ပါအချက်များကိုလည်း လုပ်ဆောင်ပေးသင့်သည် –

(က) စိုက်ပျိုးရေးသမဝါယမလုပ်ငန်းများတွင် ကျေးလက်ဒေသရှိအမျိုးသမီးများသည် အဖွဲ့ဝင်များ သို့မဟုတ် တစ်သီး ပုဂ္ဂလအဖွဲ့ဝင်များအဖြစ် လက်လှမ်းမီနိုင်ရန်နှင့် အဓိပ္ပါယ်ပြည့်ပြည့်ဝဝပါဝင်နိုင်ရန် မြှင့်တင်ပေးခြင်း။

(ခ) ငါးဖမ်းလုပ်ငန်းနှင့် ရေလုပ်ငန်းများတွင် အမျိုးသမီးများ၏အခန်းကဏ္ဍများကို တိုးမြှင့်ပေးခြင်း၊ ထို့နည်းတူ ငါးလုပ် ငန်းအရင်းအမြစ်များ ရေရှည်တည်တံ့စွာအသုံးပြုခြင်း အသိပညာများကို တိုးမြှင့်ပေးခြင်းနှင့်၊ ထင်းနှင့် သစ်တောထွက်အရင်းအမြစ်များ (သစ်မဟုတ်သော) ကိုလုံခြုံစွာလက်လှမ်းမီနိုင်ခြင်းအပါအဝင် သစ်တောနှင့် ရေရှည်တည်တံသော သစ်တောအရင်းအမြစ်များကို ရရှိလက်လှမ်းမီနိုင်မှုကို မြှင့်တင်ပေးခြင်း။

(ဂ) အမျိုးသမီးများ၏ မြေယာ၊ ရေနှင့် အခြားသောသဘာဝအရင်းအမြစ်များအပေါ်အခွင့်အရေးများကို ခုခံကာကွယ်ပေးရန် ကျေးလက်ဥပဒေထောက်ကူပြုဝန်ဆောင်မှုများအပါအဝင်၊ ဓလေ့ထုံးတမ်းဥပဒေများ၊ အခြေခံဖွဲ့စည်းပုံအတွင်း ပြဋ္ဌာန်းထားသောဥပဒေများနှင့် ယန္တရားများကို ပိုမိုအားကောင်းစေခြင်း။

## ဆ.၂ စိုက်ပျိုးရေးနှင့်မြေယာ မူဝါဒများနှင့် အော်ဂဲနစ်စိုက်ပျိုးရေး

၆၀. စိုက်ပျိုးရေးနှင့်သက်ဆိုင်သော စက်မှုလုပ်ငန်းများ၏ အကျိုးဆက်များကြောင့် ကျေးလက်နေတောင်သူအမျိုးသမီးများမှာ မြေဆီလွှာခြောက်ခမ်းခြင်းနှင့်တိုက်စားခြင်း၊ ရေခမ်းခြောက်ခြင်းအပါအဝင် ထိခိုက်နစ်နာနေရသည်။ စီးပွားဖြစ်စိုက်ပျိုးသီးနှံများကြောင့်လည်း ဒေသစိုက်ပျိုးသီးနှံများကို ထိခိုက်နစ်နာစေသည်။ မျိုးရိုးဗီဇပြုပြင်ထားသောဇီဝသက်ရှိများကို အငြင်းပွားဖွယ်ရာအသုံးပြုခြင်းနှင့် မျိုးရိုးဗီဇပြုပြင်ထားသော ကောက်ပဲသီးနှံများကို မူပိုင်ပြုခြင်းသည်လည်း စိုက်ပျိုးရေးစက်မှုလုပ်ငန်းများတိုးများလာခြင်းနှင့် ဆက်စပ်နေသည်။ သို့သော်လည်း ကျေးလက်နေအမျိုးသမီးများသည် အများသောအားဖြင့် အော်ဂဲနစ်နှင့် ရေရှည်တည်တံ့သောစိုက်ပျိုးရေး အလေ့အထများနှင့်သာ ပါဝင်လုပ်ဆောင်နေကြသည်။

၆၁. ကမ္ဘာ့စားနပ်ရိက္ခာ၊ စွမ်းအင်၊ ငွေကြေးနှင့် သဘာဝပတ်ဝန်းကျင် အကြပ်တည်းကပ်ဆိုက်မှုများသည် နိုင်ငံပိုင်နှင့် အခြားသောမြေယာများကို ဒေသတွင်း၊ နိုင်ငံတွင်းနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများထံသို့ ရောင်းချခြင်း၊ အငှားချခြင်းများသို့ ဦးတည်စေပါသည်။ ထိုကဲ့သို့သော သဘောတူညီမှုများနောက်တွင် မြေယာသိမ်းဆည်းမှုများကပ်လျက်ပါလာတတ်ပြီး ကျေးလက်နေအမျိုးသမီးများကို အတင်းအဓမ္မနှင်ထုတ်ခြင်းနှင့် ပို၍ ဆင်းရဲမွဲတေစေခြင်းအန္တရာယ်များသို့ တွန်းပို့နေပါသည်။ ထို့အပြင် ၎င်းတို့၏ မြေယာ၊ ပိုင်နက်နယ်မြေများနှင့် ရေ၊ ထင်း နှင့် ဆေးဖက်ဝင်အပင်များကဲ့သို့ သဘာဝအရင်းအမြစ်များကို လက်လှမ်းမီနိုင်ခွင့်နှင့် ထိန်းချုပ်ခွင့်များကိုနည်းပါးသွားစေပါသည်။ နေရာမှဖယ်ရှားပစ်ခြင်းသည် ကျေးလက်နေအမျိုးသမီးများကို နည်းလမ်းများစွာဖြင့် ဆိုးရွားသည့်အကျိုးသက်ရောက်မှုများဖြစ်စေပြီး၊ ဤကိစ္စရပ်များ ကြောင့် ၎င်းတို့သည် ကျားမအခြေပြုအကြမ်းဖက်မှုများကိုလည်း မကြာခဏ ခံစားနေရသည်။

၆၂. နိုင်ငံတော်သည် ကျေးလက်ဒေသရှိအမျိုးသမီးများကို အထောက်ကူပြုမည့် စိုက်ပျိုးရေးမူဝါဒများကို အကောင်ထည်ဖော်ဆောင်ရွက်ပေးခြင်း၊ အများပိုင်သဘာဝအရင်းမြစ်များကိုကာကွယ်ခြင်း၊ အော်ဂဲနစ်စိုက်ပျိုးရေးကိုမြှင့်တင်ပေးခြင်းနှင့် ကျေးလက်နေအမျိုးသမီးများကို ပိုးသတ်ဆေးနှင့် ဓါတ်မြေဩဇာ အန္တရာယ်များမှကာကွယ်ပေးခြင်းတို့ကို အကောင်ထည်ဖော်ဆောင်ရွက်ပေးသင့်သည်။ ကျေးလက်နေအမျိုးသမီးများသည် မျိုးကောင်းမျိုးသန့်မျိုးစေ့များ၊ စိုက်ပျိုးရေးနည်းစနစ်များ၊ အသိပညာဗဟုသုတများ၊ သတင်းအချက်အလက်များအပါအဝင် စိုက်ပျိုးရေးနှင့်သက်ဆိုင်သော အရင်းအမြစ်များ၊ ထို့နည်းတူ အော်ဂဲနစ်စိုက်ပျိုးရေးအတွက် လိုအပ်သောပစ္စည်းများနှင့် အရင်းအမြစ်များကို လက်လှမ်းမီရရှိသည်မှာလည်း သေချာစေရမည်။ ထို့ပြင် နိုင်ငံတော်သည် အောက်ပါအချက်များကိုလည်း လုပ်ဆောင်ပေးသင့် သည် –

(က) ကျေးလက်နေအမျိုးသမီးများ၏ ဓလေ့ထုံးတမ်းများနှင့် သဘာဝပတ်ဝန်းကျင်ကိုမထိခိုက်စေသည့် စိုက်ပျိုးရေး ဗဟုသုတများ၊ အထူးသဖြင့် အစဉ်တဆက်ရှိခဲ့သော သို့မဟုတ် မူရင်းမျိုးစေ့များကို ကျေးလက်နေအမျိုးသမီးများ ထိန်းသိမ်းခွင့်၊ အသုံးပြုခွင့်၊ ဖလှယ်ခွင့်များကို လေးစားကာကွယ်ပေးခြင်း။

(ခ) အစုဖွဲ့လိုက်တွေ့ရသော ဇာတိမျိုးစိတ်များ၊ စားပင်အမျိုးစားအမျိုးမျိုးနှင့် ဆေးဖက်ဝင်အရင်းအမြစ်များကို မပျောက်ပျက်အောင် ထိန်းသိမ်းကာကွယ်ခြင်း၊ နိုင်ငံသားနှင့် အခြားနိုင်ငံသားပိုင်ကုမ္ပဏီများ၏ ကျေးလက်နေအမျိုး သမီးများ၏ အခွင့်အရေးများကိုခြိမ်းခြောက်လာသော မူပိုင်ပြုမှုများမှကြိုတင်ကာကွယ်ခြင်း။ နိုင်ငံတော်သည် ကျေးလက်နေအမျိုးသမီးများ မျိုးစေ့များသိမ်းဆည်းခြင်းကိုအတားအဆီးဖြစ်စေသည့် မြုံနေသော(မျိုးမပွားနိုင်စေရန် ပြုလုပ်ထားသော)မျိုးစေ့များကို စာချုပ်လိုအပ်ချက်အရ မဖြစ်မနေဝယ်ယူရခြင်းများကို တားမြစ်ပေးသင့်သည်။

(ဂ) မြေယာအငှားချစာချုပ်များအပါအဝင် မြေယာသိမ်းဆည်းမှုများတွင် ကျေးလက်နေအမျိုးသမီးများ၏ အခွင့်အရေးကို ချိုးဖောက်ခြင်း သို့မဟုတ် အတင်းအဓမ္မနှင်ထုတ်ခြင်းရလဒ်များ မရှိသည်ကိုသေချာစေခြင်း။ နိုင်ငံသားပိုင်၊ နိုင်ငံခြားသားပိုင်ကုမ္ပဏီများ၊ ထို့နည်းတူ ဖွံ့ဖြိုးရေးစီမံကိန်းများ၊ တူးယူထုတ်ဖော်သည့်စက်မှုလုပ်ငန်းများနှင့် စီမံကိန်းအကြီးစားများအတွက် မြေယာသိမ်းဆည်းခြင်းများ၏ အကျိုးဆက်ဆိုးများမှ ကျေးလက်နေအမျိုးသမီးများကို ကာ ကွယ်ပေးခြင်း။

(ဃ) မြေယာသိမ်းဆည်းသိမ်းမှုများပြုလုပ်ခြင်း သို့မဟုတ် ကျေးလက်ဒေသရှိ မြေယာများ၊ ပိုင်နက်မြေများနှင့် အရင်းအမြစ်များအပေါ် စီမံကိန်း၏ အကျိုးသက်ရောက်ခြင်း၊ မြေယာအငှားချခြင်းရောင်းခြင်းနှင့် ဆက်စပ်သောကိစ္စရပ်များအပါအဝင် မြေယာသိမ်းဆည်းခြင်းနှင့် အခြားတစ်နေရာတွင် ပြန်လည်နေရာချထားခြင်းများကို ပြုလုပ်ခွင့်ပြုရန်အတွက် ကျေးလက်နေအမျိုးသမီးများထံမှ လွတ်လပ်စွာဖြင့် အသိပေးခွင့်ပြုချက်ကို ဦးစွာရယူခြင်း။ မြေယာသိမ်းဆည်းမှုများ ရှိလာပါက နိုင်ငံတကာစံချိန်စံနှုန်းများနှင့်အညီ လုပ်ဆောင်ရမည်ဖြစ်ပြီး ကျေးလက်နေအမျိုးသမီးများအတွက် လုံလောက်သောနစ်နာကြေးကို ပေးရမည်။

(င) အခြားနိုင်ငံတစ်နိုင်ငံ သို့မဟုတ် ကုမ္ပဏီများသို့ ရောင်းချခြင်း၊ အငှားချခြင်းများ ပြုလုပ်မည့် ကျေးလက်ဒေသရှိ မြေယာများ၏ အရေအတွက်နှင့် အရည်အသွေးများကို ကန့်သတ်နိုင်မည့် ဥပဒေနှင့် မူဝါဒများကို ကျင့်သုံးခြင်းနှင့် ထိရောက်စွာအကောင်ထည်ဖော်ခြင်း။

## ဆ.၃ စားနပ်ရိက္ခာနှင့် အာဟာရ

၆၃။ ကျေးလက်နေအမျိုးသမီးများသည် စားနပ်ရိက္ခာဖူလုံမှုရရှိခြင်း၊ ဆင်းရဲမွဲတေမှုလျှော့ချခြင်း၊ အာဟာရချို့တဲ့ခြင်းနှင့် ငတ်မွတ်ခြင်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးမှုမြင့်တင်ခြင်းများတွင် အဓိကကျသော်လည်း ၎င်းတို့၏ ပါဝင်ဆောင်ရွက်မှုများသည် အများသောအားဖြင့် အခကြေးငွေမရရှိ၊ အသိအမှတ်ပြုမခံရဘဲ ထောက်ပံ့ပေးမှုနည်းပါးသည်။ စားနပ်ရိက္ခာမလုံလောက်ခြင်း၊ စားသောက်ကုန်စျေးနှုန်းအတက်ကျမြန်ဆန်ခြင်း၊ ငတ်မွတ်ခြင်းနှင့် အာဟာရချို့တဲ့ခြင်းကို ခံစားရသူများအထဲတွင်မှ ကျေးလက်နေအမျိုးသမီးများသည် အများဆုံးခံစားရသူများဖြစ်ပြီး ကုန်စျေးနှုန်းမြင့်တက်လာသောအခါ ပို၍ခံရနိုင်ချေများသည်။

၆၄။ နိုင်ငံတော်သည် စားနပ်ရိက္ခာစီမံအုပ်ချုပ်ခွင့်အာဏာမူဘောင်အတွင်းတွင် ကျေးလက်နေအမျိုးသမီးများ၏ အစားအသောက်နှင့် အာဟာရအခွင့်အရေးကို သေချာနားလည်ခြင်းကို သေချာစေရန်နှင့် ၎င်းတို့သည် ၎င်းတို့၏ သဘာဝအရင်းအမြစ်များကို စီမံထိန်းချုပ်နိုင်သည့်အခွင့်အာဏာရှိသည်မှာ သေချာစေရမည်။

၆၅။ "နိုင်ငံတော်အဆင့်စားနပ်ရိက္ခာဖူလုံရေးအရ စားနပ်ရိက္ခာဖူလုံစွာရရှိခွင့်ကို သဘောပေါက်နားလည်ခြင်း အဆင့်ဆင့်တိုးတက်မှုကို အထောက်ကူပြုရန်လမ်းညွှန်ချက်များ"ကို ထည့်သွင်းစဉ်းစားသည့်အနေဖြင့် နိုင်ငံတော်သည် ကျေးလက်နေအမျိုးသမီးများ၊ အထူးသဖြင့် ကိုယ်ဝန်ဆောင်အမျိုးသမီးနှင့် နို့တိုက်မိခင်များ၏ အာဟာရလိုအပ်မှုများကို အထူးအလေးပေးသင့်ပြီး ကျေးလက်နေအမျိုးသမီးများ လုံလောက်သောအစားအစာနှင့် အာဟာရကို လက်လှမ်းမီရရှိသည်ကို သေချာစေရန် ထိရောက်သောမူဝါဒများကို နေရာတကျထားရှိရမည်။

၆၆။ နိုင်ငံတော်သည် ကျေးလက်နေအမျိုးသမီးများ၏ မတူကွဲပြားသော ဒေသစိုက်ပျိုးရေးနည်းလမ်းများနှင့် ထုတ်ကုန်အမျိုးအစားများနှင့် ဈေးကွက်အတွင်း လက်လှမ်းမီရောက်ရှိနိုင်ခြင်းကို မြှင့်တင်ပေးရန်နှင့် ကာကွယ်ပေးရန်အတွက် ဥပဒေများ၊ မူဝါဒများနှင့် လုပ်ဆောင်မှုများကို ကျင့်သုံးသင့်သည်။ ကျေးလက်နေအမျိုးသမီးများ၏ စားနပ်ရိက္ခာဖူလုံမှုနှင့် ကျန်းမာရေးပိုမိုကောင်းမွန်လာစေရန် ကောက်ပဲသီးနှံများနှင့် ဆေးဖက်ဝင်အရင်းအမြစ်များ၏ မတူကွဲပြားသည့် အမျိုးအစားများ၊ ထို့နည်းတူ မွေးမြူရေးလုပ်ငန်းကို လက်လှမ်းမီရရှိနိုင်ခြင်းကို သေချာစေသင့်သည်။

## ဆ.၄ စိုက်ပျိုးရေးလုပ်ငန်းဆိုင်ရာ အကြွေးဝယ်ခွင့်၊ ချေးငွေ၊ အာမခံနှင့် ငွေကြေးပိုင်းဆိုင်ရာဝန်ဆောင်မှု

၆၇။ ငွေကြေးဝန်ဆောင်မှုများကို မျှတသောစည်းကမ်းသတ်မှတ်ချက်များနှင့် လက်လှမ်းမီရရှိခြင်းသည် ကျေးလက်နေအမျိုးသမီးများ၏ စွန့်ဦးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကုန်ထုတ်လုပ်သူများနှင့် စွန့်ဦးစီးပွားရေးလုပ်ဆောင်သူများအနေဖြင့် ဝင်ငွေရလုပ်ဆောင်ခြင်းနှင့် အသက်မွေးဝမ်းကျောင်း ဗျူဟာများအတွက် အရေးပါသည်။ ကျေးလက်နေအမျိုးသမီးများ ငွေကြေးဝန်ဆောင်မှုများကို လက်လှမ်းမီရရှိနိုင်ရန် အတားအဆီးဖြစ်စေသောအရာများတွင် အမျိုးသမီးများမိမိတို့အခွင့်အရေးအရ ချေးငွေလျှောက်ထားမှုကိုခွင့်မပြုခြင်း၊ သက်ဆိုင်ရာအမျိုးသားများ၏ သဘောတူခွင့်ပြုချက်မပါဘဲ ဘဏ်အကောင့်ပိုင်ဆိုင်ရန်နှင့် စာချုပ်ချုပ်ဆိုခြင်းကို တားမြစ်ထားသည့် ခွဲခြားဆက်

ဆံသောသဘောထားများ သို့မဟုတ် ကျေးလက်နေအမျိုးသမီးများတွင် မရှိလောက်သည့်အရာများကို အာမခံ တောင်းခြင်းစသည့် ဥပဒေနှင့် မူဝါဒအတားအဆီးများပါဝင်သည်။

၆၈. နိုင်ငံတော်သည် သမားရိုးကျ ငွေကြေးဝန်ဆောင်မှုများသို့ ကူးပြောင်းခြင်းကို မြှင့်တင်ပေးခြင်းနှင့် ကျေးလက်နေ အမျိုးသမီးများ၏ အကြွေးဝယ်ခွင့်၊ ချေးငွေများ၊ လင်မယားနှစ်ဦးဆိုင် ငွေစုစာအုပ်များ၊ အာမခံများနှင့် အိမ်တွင်း ငွေပေးချေမှုဝန်ဆောင်မှုများကို ကျေးလက်နေအမျိုးသားများနှင့် အခြေခံအခွင့်အရေးတူညီစွာဖြင့် လက်လှမ်းမီနိုင် သည်မှာ သေချာစေသင့်ပြီး ထိုနည်းတူ ၎င်းတို့၏ စီးပွားရေး၊ ငွေကြေးနှင့် လုပ်ငန်းပိုင်းဆိုင်ရာ စွမ်းရည်များကိုလည်း မြှင့်တင်ပေးသင့်သည်။ နိုင်ငံတော်မှ ကျေးလက်နေအမျိုးသမီးများသည် အောက်ပါအချက်များတွင် တူညီသော လက်လှမ်းမီမှုရရှိသည်မှာ သေချာစေရန်လုပ်ဆောင်ပေးသင့်သည် –

(က) ရပ်ရွာမှစီမံခန့်ခွဲသော သို့မဟုတ် အထိုင်မဟုတ်လှည့်လည်ပေးနေသော ငွေကြေးဝန်ဆောင်မှုများ။ ထိုကဲ့သို့ သောဝန်ဆောင်မှုများသည် ကျေးလက်နေအမျိုးသမီးများ၏ လိုအပ်ချက်များနှင့် ကိုက်ညီနေသင့်ပြီး( သာဓ ကအားဖြင့် အာမခံ(အပေါင်ပစ္စည်းများ)ထားရန်မရှိသည့် ကျေးလက်နေအမျိုးသမီးများကို ငွေချေးပေးခြင်း) ရိုးရှင်းလွယ်ကူပြီး အကုန်ကျသက်သာသည့် ဘဏ်လုပ်ငန်းအလေ့အထများကို အသုံးပြုသင့်သည်။ ယင်းဝန် ဆောင်များတွင် ကျေးလက်နေအမျိုးသမီးများ သမားရိုးကျငွေကြေးဝန်ဆောင်မှုထောက်ပံ့သူများကို လက် လှမ်းမီနိုင်ရန်အတွက် ပံ့ပိုးကူညီပေးခြင်းများလည်း ပါဝင်သင့်သည်။

(ခ) ငွေကြေးဝန်ဆောင်မှုနှင့် လိုအပ်သည့်အထောက်အပံ့များနှင့် သက်ဆိုင်သည့်သတင်းအချက်အလက်များ

(ဂ) ငွေကြေးစီမံခန့်ခွဲမှုဆိုင်ရာ စွမ်းရည်မြှင့်တင်ခြင်းအစီအစဉ်များတွင် စာပေမတတ်မြောက်မှုကိုထည့်သွင်းစဉ်း စားထားသည့် ဆန်းသစ်တီထွင်သောနည်းလမ်းများကို အသုံးပြုခြင်း။

၆၉. နိုင်ငံတော်သည် အကြွေးဝယ်ယူခြင်းနှင့် ချေးငွေများအပါအဝင် ငွေကြေးဝန်ဆောင်မှုများတွင် ကျားမရေးရာ အလေးထားတုံ့ပြန်ဆောင်ရွက်သည့် ယန္တရားများဖြစ်သည်မှာ သေချာစေရန်နှင့် ကျေးလက်နေအမျိုးသမီးများကို အမျိုးသားအာမခံသူမရှိခြင်းကြောင့် ထိန်ချန်ခဲ့ခြင်းမရှိသည်မှာ သေချာစေသင့်သည်။ မှတ်ပုံတင်ခြင်း လုပ်ငန်းစဉ် များသည် ကျေးလက်အမျိုးသမီးအများစု၏ အချိန်ရရှိမှုနှင့် ၎င်းတို့ရင်ဆိုင်နေရသည့် ရွှေ့ပြောင်းသွားလာမှု အခက်အခဲများနှင့် အလိုက်သင့် ပြောင်းလဲပေးသင့်သည်။ စိုက်ပျိုးရေးလုပ်ငန်းဆိုင်ရာ အကြွေးဝယ်ယူမှုနှင့် ချေးငွေ ရယူမှုကိုလည်း မြေယာပိုင်ဆိုင်မှု နည်းပါးသည့် ကျေးလက်နေတောင်သူလယ်သမား အမျိုးသမီးများ၏ မြေယာပိုင် ဆိုင်မှုကို စီမံနိုင်ခြင်းမရှိသောအခြေအနေအရ ခွင့်ပြုပေးသင့်သည်။ သို့မှသာလျှင် တရားဥပဒေကြောင်းရ မြေယာ ပိုင်ရှင်အခွင့်အရေးမရှိသူများလည်း ၎င်းဝန်ဆောင်မှုများကို လက်လှမ်းမီနိုင်မည်ဖြစ်သည်။

## ဆ.၅ ဈေးကွက်နှင့် ဈေးကွက်တင်ရောင်းချခြင်းအထောက်အပံ့များ

၇၀. ကျေးလက်နေအမျိုးသမီးလယ်သမားနှင့် ထုတ်လုပ်သူများသည် ကုန်ပစ္စည်းများအောင်မြင်စွာ ရောင်းချနိုင်ရန်နှင့် ထုတ်လုပ်နိုင်ရန်အတွက် ၎င်းတို့အနေဖြင့် ဈေးကွက်၊ ဈေးကွက်တင်ရောင်းချရန် အထောက်အပံ့များနှင့် ထိရောက် တိုးတက်သော ဈေးကွက်တင်ရောင်းချခြင်းစွမ်းရည်များကို လက်လှမ်းမီရရှိရမည်။ သို့သော်လည်း အများတကာနှင့် တစ်ဦးတစ်ယောက်ချင်းစီ၏ ခွဲခြားဆက်ဆံမှုများ၊ ရွှေ့ပြောင်းသွားလာမှုနှင့် အချိန်အကန့်အသတ်များသည် ကျေး လက်ဒေသရှိ အမျိုးသမီးများ ဈေးကွက်တင်ရောင်းချခြင်းဆိုင်ရာ အထောက်အပံ့များနှင့် ကုန်စည်တင်သွင်းခြင်း များကို အသုံးပြုနိုင်ခြင်းမှ ဖယ်ထုတ်ထားခြင်းများကိုဖြစ်စေသည်။ ကျေးလက်နေအမျိုးသမီးများ ဈေးကွက်စီးပွား ကော်မတီများတွင် ကိုယ်စားမပြုခြင်းခံရလေ့ရှိပြီး ဒေသတွင်းဈေးကွက်တင်ရောင်းချခြင်းအထောက်အပံ့များကို ရေးဆွဲခြင်း၊ ဖန်တီးခြင်း၊ အသုံးပြုခြင်းနှင့် မြှင့်တင်ခြင်းများတွင် အနည်းငယ်သာပါဝင်ခွင့်ရလေ့ရှိသည်။

၇၁. နိုင်ငံတော်သည် ကျေးလက်နေအမျိုးသမီးများ ဈေးကွက်နှင့် ဈေးကွက်တင်ရောင်းချခြင်းအထောက်အပံ့များ ကို ရရှိလက်လှမ်းမီသည်မှာသေချာစေရန်၊ ၎င်းဈေးကွက်နှင့် ဈေးကွက်တင်ရောင်းချခြင်းအထောက်အပံ့များ မှာ ကျေး လက်နေအမျိုးသမီးများ၏ လိုအပ်ချက်များနှင့် ကိုက်ညီစေရန်အလို့ငှာ ဈေးကွက်စီးပွားရေးစနစ်ကိုအ

ကျိုးရှိစွာအသုံးချနိုင်ခြင်းကို လက်လှမ်းမီနိုင်ခြင်းနှင့် သက်ဆိုင်သောဒေါင်းတို့၏ ပြဿနာများကို လယ်သမားနှင့် ကုန်ထုတ်လုပ်သူများနှင့်နည်းတူ ရှင်းလင်းနားလည်အောင် တိုင်ပင်ဆွေးနွေးပေးသည်မှာသေချာစေရမည်။

၇၂. နိုင်ငံတော်သည် ကျေးလက်နေအမျိုးသမီးများ၏ စီးပွားရေးနှင့် စွန့်ဦးလုပ်ငန်းကျွမ်းကျင်မှုများကို မြှင့်တင်ပေးရန်နှင့် ၎င်းတို့၏ စျေးကွက်နှင့် ထုတ်ကုန်တန်ဖိုးမြှင့်ခြင်းကို လက်လှမ်းမီနိုင်သည့် စွမ်းရည်တိုးတက်လာစေရန်အတွက် သီးခြားအထောက်အပံ့များ၊ စိုက်ပျိုးရေးဆိုင်ရာ တိုးချဲ့လုပ်ငန်းအစီအစဉ်များနှင့် အကြံပေးဝန်ဆောင်မှုများကို ဖန်တီးပေးသင့်သည်။

## ဆ.၆ နည်းပညာ

၇၃. အခြေခံအဆောက်အအုံများနှင့် နည်းပညာတီထွင်ဆန်းသစ်မှုများမှတဆင့် ကျေးလက်နေအမျိုးသမီးများ၏ အလုပ်ချိန်များနှင့် အားစိုက်ထုတ်မှုကို သက်သာလျော့နည်းစေခြင်းသည် အထူးသဖြင့်လိုအပ်ပြီး ထို့ကြောင့် ၎င်းတို့ အနေဖြင့် စိုက်ပျိုးရေး၊ ဆည်မြောင်းသွယ်ခြင်း၊ ရေရယူခြင်းဆိုင်ရာနည်းပညာများနှင့် လုပ်အားသက်သာစေသော စိုက်ပျိုးရေးဆိုင်ရာ အထောက်အပံ့ပစ္စည်းများကို လိုအပ်သည်။ ထို့အပြင် အခြားအရာများအနက် ကျေးလက်နေ အမျိုးသမီးများ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ(ICT)နှင့် မိုဘိုင်းလ်ကွန်ယက်များကို လက် လှမ်းမီခြင်းသည် စျေးကွက်တင်ပို့ရောင်းချခြင်း စွမ်းရည်တိုးတက်ခြင်းကဲ့သို့ အရေးပါသည်။

၇၄. နိုင်ငံတော်သည် စိုက်ပျိုးရေးဆိုင်ရာ၊ ဆည်မြောင်းသွယ်ခြင်းနှင့် ရေရယူခြင်းဆိုင်ရာ နည်းပညာများနှင့် ဝင်ငွေမရရှိ သောအိမ်မှုကိစ္စများနှင့် ကုန်ထုတ်ခြင်းအလုပ် ဝန်ထုပ်များကိုလျော့ချပေးသော နည်းပညာများအပါအဝင် လုပ် အားခြွေတာပေးပြီး သဘာဝပတ်ဝန်းကျင်ကို မထိခိုက်စေသော နည်းပညာများကို ကျေးလက်နေအမျိုးသမီးများ လက်လှမ်းမီရရှိနိုင်သည်မှာ သေချာစေရန်နှင့် ကျေးလက်ဒေသများတွင် ICTအပါအဝင် နည်းပညာကို လက်လှမ်း မီနိုင်မှုကို တိုးတက်စေသည့် ပတ်ဝန်းကျင်များကို ဖန်တီးပေးရမည်။ ကျေးလက်နေအမျိုးသမီးများကို ဖွံ့ဖြိုးတိုး တက်လာသော နည်းပညာများနှင့် ပတ်သက်သည်များ တိုင်ပင်ဆွေးနွေးပေးသင့်ပြီး ထိုဆန်းသစ်တီထွင်မှု အကျိုး ရလဒ်များကို ရရှိလက်လှမ်းမီနိုင်ခြင်း မြှင့်တင်ပေးသင့်သည်။

## ဆ.၇ သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးနည်းပညာများ (ICT)

၇၅. ICT(ရေဒီယို၊ ရုပ်မြင်သံကြား၊ ဆယ်လူလာဖုန်းများ၊ ကွန်ပျူတာနှင့် အင်တာနက်များအပါအဝင်)သည် ကျေးလက် နေအမျိုးသမီးများနှင့် အမျိုးသမီးငယ်များအား ပိုမိုကျယ်ပြန့်စွာ ကမ္ဘာအဝှမ်းချိတ်ဆက်နိုင်ရန်နှင့် သတင်းအချက် အလက်များနှင့် ပညာရေးကို လွယ်ကူစွာလက်လှမ်းမီနိုင်ရန် ပံ့ပိုးပေးခြင်းဖြင့် ၎င်းလုပ်ဆောင်နိုင်စွမ်းမြှင့်တင်ပေး ခြင်းအတွက် အရေးပါသည့်အခန်းကဏ္ဍတွင် ပါဝင်လုပ်ဆောင်နေသည်။ အွန်လိုင်းအခြေပြုအသင်းအဖွဲ့အစည်း များကို အသုံးချပြီး အဝေးမှသင်ယူလေ့လာခြင်းအားဖြင့် အမျိုးမျိုးသောနည်းပညာများသည် မတူကွဲပြားသော လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်သည်။ သို့သော်လည်း ကျေးလက်နေအမျိုးသမီးများနှင့် အမျိုးသမီးငယ်များ သည် ICTကို လက်လှမ်းမီရရှိနိုင်မှု၏ ဂျဲန်ဒါကွာဟမှု၊ “Digitalကို လက်လှမ်းမီသူနှင့် မမီသူကြားကွာခြားမှု”၏ အရေးပါသောရှုထောင့်များကို မမျှတစွာခံစားနေရသည်။ ဆင်းရဲမွဲတေမှု၊ မျိုးနွယ်စုသီးသန့်ထားရှိခြင်း၊ ဘာသာ စကားအခက်အခဲများ၊ ကွန်ပျူတာ အသုံးပြုတတ်မှုမရှိခြင်းနှင့် ခွဲခြားဆက်ဆံထားသော ကျားမရေးရာပုံသေကား ချပ်ချမှုများအားလုံးသည် ICTကို လက်လမ်းမီဖို့ နှောင့်နှေးစေသည်။

၇၆. နိုင်ငံတော်သည် ICTနယ်ပယ်တွင်း ဂျဲန်ဒါတန်းတူညီမျှမှုကိုမြှင့်တင်ရန်နှင့် ကျေးလက်ဒေရှိ အမျိုးသမီးများနှင့် အမျိုးသမီးငယ်များ၏ ICT လက်လှမ်းမီနိုင်မှုတိုးတက်လာစေရန်အတွက် လုပ်ဆောင်မှုများကို ကျင့်သုံးသင့်ပြီး ထို့နည်းတူ ၎င်းတို့၏ ICT စွမ်းရည်များတိုးများလာစေရန်အတွက် ပဏာမဦးဆောင်လုပ်ဆောင်မှုများကို ဖန်တီး သို့မဟုတ် တိုးချဲ့ရမည် (သာဓကအားဖြင့် ကျေးရွာ သို့မဟုတ် ရပ်ရွာအခြေပြု အသိပညာပေးစင်တာများ ဖွံ့ဖြိုးတိုး တက်စေရန် လုပ်ဆောင်ပေးခြင်း)။ နိုင်ငံတော်သည် လူထုအသိပညာပေးမြှင့်တင်မှုများနှင့် သင်တန်းများကို ကျေး

လက်နေအမျိုးသမီးများနှင့် အမျိုးသမီးငယ်များထံ မိုလ်ဘိုင်းဖုန်းများမှတဆင့် ရောက်ရှိနိုင်ရန်အလားအလာရှိသော နည်းပညာများကို စူးစမ်းလေ့လာရှာဖွေသင့်သည်။

## ဆ.၈ မြေယာနှင့်လယ်ယာဥယျာဉ်ခြံမြေပြုပြင်ပြောင်းလဲမှု၊ မြေယာရယူသိမ်းဆည်းမှုနှင့် ပြန်လည်နေရာချထားခြင်း

၇၇. မြေယာနှင့် လယ်ယာဥယျာဉ်ခြံမြေပြုပြင်ပြောင်းလဲမှုများတွင် ကျေးလက်နေအမျိုးသမီးများကို ဖယ်ထုတ်ထားလေ့ရှိပြီး ကျားမရေးရာအလေးထား တုံ့ပြန်ဆောင်ရွက်မှုနည်းဟန်များနှင့် အကောင်ထည်ဖော်ခြင်းမရှိပေ။ မြေယာပြုပြင်ပြောင်းလဲမှု မူဝါဒများတွင် တစ်ခါတရံအမျိုးသားများအပေါ် ဘက်လိုက်မှုများရှိသည်။ ဆိုရသော် အမျိုးသားအမည်ဖြင့်သာ မြေယာမှတ်ပုံတင်နိုင်ခြင်း၊ အလျော်အစားတန်ဖိုးပေးလျော်သည့်အခါ အမျိုးသားအမည်ဖြင့်သာ အများဆုံးပေးချေခြင်း သို့မဟုတ် မြေယာအသုံးပြုခြင်း ကန့်သတ်ချုပ်ခြယ်လိုက်မှုများ (မြေယာဆုံးရှုံးခြင်း၊ အသုံးပြုခွင့်ဆုံးရှုံးခြင်းနှင့် မြေယာတန်ဖိုး ဆုံးရှုံးခြင်းများကိုဖြစ်စေသော) အတွက် လျော်ကြေးပေးချေသည့်နေရာတွင် အမျိုးသားများလုပ်ဆောင်သည့် လုပ်ငန်းများကိုသာ အခြေပြုပြီး ပေးလျော်ခြင်းများဖြစ်သည်။

၇၈. နိုင်ငံတော်သည် မြေယာနှင့် လယ်ယာဥယျာဉ်ခြံမြေပြုပြင်ပြောင်းလဲမှုများကို တာဝန်ယူလုပ်ဆောင် သည့်အခါ ကျေးလက်နေအမျိုးသမီးများ၏ မြေယာအခွင့်အရေးတန်းတူရရှိမှုကို ဦးစားပေးလုပ်ဆောင်သင့်ပြီး ထိုအချက်သည် မြေယာပြုပြင်ပြောင်းလဲမှုများလုပ်ဆောင်ရာတွင် အထူးအလေးထားဆောင်ရွက်ရမည့် ရည်ရွယ်ချက်အဖြစ် ယူဆရမည်။ နိုင်ငံတော်အနေဖြင့် အောက်ပါအချက်များကို လုပ်ဆောင်ပေးသင့်သည် –

(က) မြေယာနှင့် လယ်ယာဥယျာဉ်ခြံမြေပြုပြင်ပြောင်းလဲမှု လုပ်ငန်းအစီအစဉ်များသည် ကျားမရေးရာ အထူးပြုပန်းတိုင်များ၊ ရည်မှန်းချက်များ လုပ်ဆောင်မှုများကို တစ်လုံးတစ်ဝတည်းဖြစ်စေရန်၊ တရားဝင်ဖြစ်စေခြင်းနှင့် တန်းတူညီမျှမှုရှိခြင်းကို မြှင့်တင်ပေးရန်။ သာဓကအားဖြင့် နှစ်ဦးပိုင်မြေယာများကို ရောင်းချခြင်း သို့မဟုတ် အပေါင်ထားခြင်းများလုပ်ဆောင်ရာတွင် သို့မဟုတ် မြေယာနှင့် သက်ဆိုင်သည့် ငွေရေးကြေးရေးကိစ္စများ ဆောင်ရွက်ရာတွင် အမျိုးသမီး(ဇနီးသည်)၏ သဘောတူခွင့်ပြုချက်လိုအပ်ခြင်းနှင့် အမည်ကိုပူးတွဲထည့်သွင်းခြင်း။

(ခ) မည်သည့်မြေယာ ခွဲဝေပေးခြင်း၊ မှတ်ပုံတင်ခြင်း၊ အမည်ပေါက်ပေးခြင်း (သို့မဟုတ်) သက်သေခံအထောက်အထားလုပ်ဆောင်ပေးခြင်းများတွင်မဆို ကျေးလက်နေအမျိုးသမီးများ၏ မြေယာအပေါ်အခွင့်အရေးတန်းတူညီမျှမှုကို အသိအမှတ်ပြုရန်နှင့် ပါဝင်ခွင့်ပြုခြင်း။

(ဂ) ခွဲခြားဆက်ဆံထားသော ပြဋ္ဌာန်းချက်များပပျောက်စေရန်ရည်ရွယ်၍ ဒေသခံအမျိုးသမီးများ၏ ဥပဒေ၊ ရိုးရာ၊ ဓလေ့ထုံးတမ်းများနှင့် မြေယာလုပ်ပိုင်ခွင့်သက်တမ်းစနစ်များကို ဥပဒေကြောင်းအရ အသိမှတ်ပြုခြင်းနှင့် ပြန်လည်သုံးသပ်ခြင်း။

(ဃ) လူထုတွင်းဖြန့်ဝေမှုများ၊ မြေယာ၊ ရေအရင်းမြစ်များ၊ ငါးဖမ်းလုပ်ငန်းများ၊ သစ်တောများ ငှားရမ်းခြင်း သို့မဟုတ် ငှားရမ်းခြင်း၊ လယ်ယာဥယျာဉ်ခြံမြေပြုပြင်ပြောင်းလဲမှုမူဝါဒများ၊ ကျေးလက်ဒေသတွင်ရင်းနှီးမြှုပ်နှံမှုများနှင့် ကျေးလက်ဒေသရှိ သဘာဝအရင်းအမြစ်များစီမံခန့်ခွဲခြင်းမှ ရရှိလာသော အကျိုးအမြတ်များကို ကျေးလက်နေအမျိုးသမီးများ ရရှိခံစားနိုင်စေရန်အတွက် ယာယီအထူးလုပ်ဆောင်ချက်များအပါအဝင် လုပ်ဆောင်ချက်များကို ဖန်တီးပေးရန်နှင့် အကောင်ထည်ဖော်ဆောင်ရွက်ပေးခြင်း။ ပြည်သူပိုင်မြေယာများ၊ ငါးဖမ်းလုပ်ငန်းများနှင့် သစ်တောများကိုခွဲဝေပေးရာတွင် မြေယာမဲ့ကျေးလက်နေအမျိုးသမီးများကို ဦးစားပေးခြင်း။

## (၈) လုံလောက်မှုရှိသောလူနေမှုအခြေအနေများ (စာချုပ်ပါအပိုဒ်ခွဲ ၁၄၊ စာပိုဒ် ၂(ဈ)

### ၈.၁ အိုးအိမ်နေရာချထားခြင်း

၇၉. အခြေခံအဆောက်အအုံများနှင့် ဝန်ဆောင်မှုများကို လက်လှမ်းမီလေ့မရှိသော သို့မဟုတ် အရည်သွေးနိမ့်စွာရရှိနေသော ကျေးလက်ဒေသများတွင် လုံလောက်သောအိုးအိမ်နေရာရရှိခွင့်သည် အထူးသဖြင့်သက်ဆိုင်သည်။ အမျိုးသမီးများ၏ မြေယာပိုင်ဆိုင်ခွင့်ကို အကာကွယ်ပေးနေသော လုပ်ဆောင်မှုများအများစု (ဥပမာအားဖြင့် ဥပဒေကြောင်းအရအမျိုးသမီးများ၏ လုပ်ဆောင်နိုင်မှုကို အသိမှတ်ပြုခြင်း၊ မြေယာလုပ်ကိုင်ဆောင်ရွက်ခွင့်ထိန်းကျောင်းခြင်းကို အသိမှတ်ပြုခြင်းနှင့် မှတ်ပုံတင်ခြင်း၊ အမည်ပေါက်လုပ် ဆောင်ခြင်းများတွင် အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံခြင်းများ ပပျောက်စေခြင်း)ကို ၎င်းတို့၏ လုံလောက်သော အိုးအိမ်နေရာရရှိခွင့်အတွက် အသုံးပြုနိုင်သည်။ သို့သော်လည်း ကျားမရေးရာ အလေးထားတုံ့ပြန်ဆောင်ရွက်ခြင်းရှုထောင့်မှ ကျေးလက်ဒေသအိုးအိမ်အခြေအနေများ တိုးတက်ကောင်းမွန်လာစေရန်အတွက် ထပ်တိုးလုပ်ဆောင်မှုများကိုလည်း လုပ်ဆောင်နိုင်သည်။ အထက်ပါအကြောင်းအရာများအရ –

၈၀. နိုင်ငံတော်သည် အိုးအိမ်နေရာချထားခြင်းကို ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးတစ်ခုလုံး၏ အစိတ်အပိုင်းတစ်ခုအဖြစ်ဖြည့်ဆည်းပေးသင့်ပြီး ထိုလုပ်ဆောင်မှုများသည် ကျေးလက်နေအမျိုးသမီးများနှင့် တိုင်ပင်ဆွေးနွေးပြီးဖော်ဆောင်ထားသည်များဖြစ်စေရမည်။ ကျေးလက်နေအမျိုးသမီးများ၏ အဓိကလိုအပ်ချက်များကို ထည့်သွင်းစဉ်းစားထားသော ရည်ရွယ်ထားသည့် မူဝါဒများနှင့် လုပ်ငန်းစဉ်များကို ရေးဆွဲလုပ်ဆောင်ခြင်းနှင့် အကောင်ထည်ဖော်လုပ်ဆောင်ပေးခြင်းမှတဆင့် နိုင်ငံတော်သည် ကျေးလက်အိုးအိမ်များ၏အရည်အသွေးကို တိုးတက်အောင်လုပ်ဆောင်ပေးသင့်သည်။ ထိုကြိုးစားအားထုတ်မှုများကို "ဖွံ့ဖြိုးရေးအခြေပြုလုပ်ဆောင်ရန် နေရာမှ ဥပဒေအရနှင်ထုတ်ခြင်းနှင့် ဖယ်ရှားခြင်းဆိုင်ရာအခြေခံနိယာမများ" အပါအဝင် နိုင်ငံတကာ အိုးအိမ်နေရာချထားခြင်း အခွင့်အရေးများနှင့် ကိုက်ညီမှုရှိရန် လုပ်ဆောင်ပေးသင့်ပြီး နိုင်ငံတွင်း သို့မဟုတ် နိုင်ငံပြင်ပလုပ်ဆောင်သူများမှ ကျေးလက်နေအမျိုးသမီးများကို အတင်းအဓမ္မနှင်ထုတ်ခြင်းမှ ထိထိရောက်ရောက် အကာကွယ်ပေးနိုင်သော အားကောင်းသည့် လုပ်ဆောင်မှုများလည်း ပါဝင် သင့်သည်။

### ၈.၂ ရေ၊ မိလ္လာစနစ်နှင့် စွမ်းအင်

၈၁. ကျေးလက်နေအမျိုးသမီးနှင့် အမျိုးသမီးငယ်များ၏ ရေနှင့်မိလ္လာစနစ်ဆိုင်ရာအခွင့်အရေးသည် ၎င်းတို့ကိုယ်တိုင်အတွက် မရှိမဖြစ်အခွင့်အရေးတစ်ရပ်ဖြစ်ရုံတင်မက ကျန်းမာရေး၊ အစားအစာ၊ ပညာရေး၊ ပါဝင်လုပ်ဆောင်ခွင့်အပါအဝင် အခြားသောအခွင့်အရေးများကို ကျယ်ပြန့်စွာလွှမ်းခြုံ သိရှိနားလည်စေသည့် သော့ချက်လည်းဖြစ်သည်။

၈၂. သဘာဝအရင်းအမြစ်များကို လက်လှမ်းမီရရှိမှုတန်းတူညီမျှမရှိခြင်းနှင့် အခြေခံအဆောက်အအုံများနှင့် ဝန်ဆောင်မှုများမရှိခြင်းကြောင့် ပိုမိုဆိုးရွားစေသည့်အခြေအနေဖြစ်သည့် ရေရှားပါးမှုကို အဆိုးရွားဆုံးခံစားရသူများ အထဲတွင် ကျေးလက်နေအမျိုးသမီးနှင့် အမျိုးသမီးငယ်များလည်းအပါအဝင်ဖြစ်သည်။ ရေရရှိနိုင်ရန်အတွက် ကျေးလက်နေအမျိုးသမီးနှင့် အမျိုးသမီးငယ်များသည် မကြာခဏဆိုသလို ရေရရှိနိုင်ရန်အတွက် အလှမ်းကွာဝေးလှသော နေရာများသို့ လမ်းလျှောက်သွားရပြီး ယင်းအခြေအနေကြောင့် တစ်ခါတရံ ၎င်းတို့ကို လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရခြင်းနှင့် တိုက်ခိုက်ခြင်းအန္တရာယ်မြင့်တက်လာအောင် တွန်းပို့ပေးနေသည်။

၈၃. အိမ်သာများမရှိခြင်းကြောင့် ကျေးလက်နေအမျိုးသမီးနှင့် အမျိုးသမီးငယ်လေးများသည် သီးသန့်နေရာတစ်ခုကို ရှာဖွေနိုင်ရန်အတွက် အလှမ်းကွာဝေးသောနေရာသို့ ကြာရှည်စွာလမ်းလျှောက်သွားနေရသည်။ လုံလောက်သော မိလ္လာစနစ်မရှိခြင်းသည်လည်း ကျန်းမာရေးဆိုင်ရာပြဿနာများ ပိုများလာစေပါသည်။ ဤအခြေအနေကို ကုစားရန်အတွက် ကျေးလက်နေအမျိုးသမီးနှင့် အမျိုးသမီးငယ်များသည် လုံခြုံစိတ်ချရပြီး ကျန်းမာရေးနှင့် ညီညွတ်သည့်၊ ထို့အပြင် လူမှုရေးအရနှင့် ယဉ်ကျေးမှုအရလက်ခံနိုင်သည့် မိလ္လာစနစ်ကို ကိုယ်တိုင်ကိုယ်ကျနှင့် စီးပွားရေးအရလက်လှမ်းမီရမည်။

၈၄. ကျေးလက်နေအမျိုးသမီးများ၏ လျှပ်စစ်မီးနှင့် အခြားသောစွမ်းအင်အမျိုးမျိုးကို လက်လှမ်းမီနိုင်ရန် အကန့်အသတ်များရှိနေသည်။ စွမ်းအင်ပမာဏ စုစည်းခြင်း၊ အသုံးပြုခြင်းတာဝန်နှင့် ကျန်းမာရေး၊ စိတ်ချလုံခြုံမှုနှင့်ဆက်နွယ်နေသောအန္တရာယ်များသည် အမျိုးသမီးနှင့်အမျိုးသမီးငယ်များအပေါ် အဓိကအားဖြင့်ကျရောက်နေသည်။ ၎င်းတို့သည် အစဉ်လာအရ အိမ်တွင်းစွမ်းအင်လိုအပ်မှုများ ဖြည့်ဆည်းပေးရန်အတွက် တာဝန်ရှိနေပြီး အိမ်တွင်းစွမ်းအင်ကို အဓိကသုံးစွဲနေသူများအနေဖြင့် စွမ်းအင်အရင်းမြစ်ရှားပါးမှုနှင့် ဈေးနှုန်းမြင့်မားလာမှုကို အများဆုံးခံရနိုင်ချေများသည်။ စာပိုဒ်ခွဲ(ဇ)တွင် လျှပ်စစ်စွမ်းအင်အကြောင်း အသေးစိတ်ဖော်ပြထားစဉ်အတွင်း ကျေးလက်နေအမျိုးသမီးများသည် အခြားသောစွမ်းအင်များ၊ ဥပမာအားဖြင့် ချက်ပြုတ်ရန်၊ အပူပေး/အအေးပေးရန်နှင့် ပို့ဆောင်ဆက်သွယ်ရေးအတွက် စွမ်းအင်များလည်းလိုအပ်နိုင်သည်။

၈၅. နိုင်ငံတော်မှ ကျေးလက်နေအမျိုးသမီးများသည် မရှိမဖြစ်လိုအပ်သောဝန်ဆောင်မှုများနှင့် လူထုအကျိုးပြု ဝန်ဆောင်မှုများ၊ အောက်ပါအချက်အလက်များအပါအဝင်ကို လက်လှမ်းမီစေရန် သေချာစေသင့်သည် –

(က) တစ်ကိုယ်ရေတကာယသုံးရန်နှင့် အိမ်တွင်းသုံးရန်၊ ထို့နည်းတူ စိုက်ပျိုးရေးနှင့်ဆည်မြောင်းသွယ်ရန်အတွက် လုံလောက်သော၊ လုံခြုံသော၊ လက်ခံနိုင်လောက်သော၊ ကိုယ်တိုင်ရယူနိုင်သောနှင့် တတ်နိုင်သောရေအရင်းမြစ်။

(ခ) ကျေးလက်နေအမျိုးသမီးနှင့် အမျိုးသမီးငယ်များ ဓမ္မတာနှင့်သက်ဆိုင်သော တစ်ကိုယ်ရေသန့်ရှင်းမှုကို လုပ်ဆောင်နိုင်ရန်နှင့် ပြည့်စုံသော မိလ္လာစနစ်နှင့် ရောဂါကာကွယ်ရေးစနစ်ကို အသုံးပြုနိုင်စေခြင်းနှင့်

(ဂ) ကျေးလက်ဒေသများတွင် ရေရှည်တည်တံ့ပြီး ပြန်လည်ဖြည့်တင်းနိုင်သည် စွမ်းအင်အရင်းအမြစ်များ၊ နေစွမ်းအင်သုံး တိုးချဲ့ဝန်ဆောင်မှုများနှင့် နေစွမ်းအင်နှင့် အခြားသောရေရှည်တည်တံ့သည့် စွမ်းအင်အရင်းအမြစ်များကို အကုန်ကျနည်းသောနည်းပညာအကူအညီဖြင့် ဖွံ့ဖြိုးတိုးတက်စေခြင်း။

## ဇ.၃ သယ်ယူပို့ဆောင်ခြင်း

၈၆. သယ်ယူပို့ဆောင်ရေးနှင့် လမ်းပမ်းဆက်သွယ်ရေး လက်လှမ်းမီနိုင်မှုမှာ ကျေးလက်နေအမျိုးသမီးများအတွက် ထင်ရှားသောစိန်ခေါ်မှုများဖြစ်ပြီး ၎င်းတို့၏ ပညာသင်ကြားရေး၊ အသက်မွေးဝမ်းကျောင်းအခွင့်အလမ်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှုများအပါအဝင် အမျိုးမျိုးသောအခွင့်အရေးများကို ရရှိခံစားနိုင်မှုအပေါ် အကျိုးသက်ရောက်နေသည်။ ပထဝီမြေအနေအထားအလှမ်းဝေးခြင်း၊ နေထိုင်ရာမြေအနေအထား ကောင်းမွန်မှုမရှိခြင်း၊ အခြေခံအဆောက်အအုံများနှင့် အများသုံးသယ်ယူပို့ဆောင်ဆက်သွယ်ရေး လက်လှမ်းမီနိုင်မှုများ မရှိခြင်းတို့သည် နေ့စဉ်လှုပ်ရှားသွားလာမှုကို အကန့်အသတ်ဖြစ်စေသည်။ သယ်ယူပို့ဆောင်ရေးကို တနည်းနည်းအားဖြင့် ရရှိနိုင်သည့် ကျေးလက်ဒေသများတွင်ပင်လျှင် ခရီးကုန်ကျစရိတ် သို့မဟုတ် ကျားမအခြေပြု အကြမ်းဖက်ခြင်းနှင့် အနှောင့်ယှက်ပေးခြင်းအန္တရာယ်များသည် ကျေးလက်နေအမျိုးသမီးများ ၎င်းသယ်ယူပို့ဆောင်ရေးကို အသုံးပြုနိုင်ရန်အတွက် အဟန့်အတားဖြစ်စေသည်။ ထိုအကျိုးရလဒ်အနေဖြင့် ၎င်းတို့ခြေလျင်ခရီးသွားလာခြင်း အတွက်နာရီပေါင်းများစွာ ကြာမြင့်ခြင်းနှင့် အချိန်ရှားပါးခြင်းကြောင့် အခြားသောပြဿနာများဖြစ်ပေါ်စေခြင်းနှင့် ထို့နည်းတူ ကျန်းမာရေးနှင့် လုံခြုံရေးအန္တရာယ်များဖြစ်စေသည်။

၈၇. နိုင်ငံတော်အနေဖြင့် ကျေးလက်ဒေသများတွင် သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုများအတွက် ကျားမအခြေပြု မတူကွဲပြားသော လိုအင်များကိုစီစစ်သင့်ပြီး သယ်ယူပို့ဆောင်ရေးကဏ္ဍမူဝါဒများနှင့် လုပ်ငန်းအစီအစဉ်များသည် ကျေးလက်နေအမျိုးသမီးများ လှုပ်ရှားသွားလာနိုင်မှုလိုအပ်ချက်များကို ထင်ဟပ်နေစေရန်နှင့် ၎င်းတို့အတွက် လုံခြုံသော၊ တတ်နိုင်သောနှင့် လက်လှမ်းမီနိုင်သောအခြေအနေမှာရှိသည့် သယ်ယူပို့ဆောင်ရေးကိုပံ့ပိုးပေးသည်မှာ သေချာစေရမည်။

## (ဈ) ဖွံ့ဖြိုးဆဲနိုင်ငံများမှ ကျေးလက်နေအမျိုးသမီးများ

၈၈. ဖွံ့ဖြိုးပြီးနိုင်ငံများမှ ကျေးလက်နေအမျိုးသမီးများသည်လည်း ဆင်းရဲမွဲတေခြင်းနှင့် ဖယ်ထုတ်ခံထားရခြင်းများကြောင့် တူညီသောအခက်အခဲစိန်ခေါ်မှုများကို မကြာခဏရင်ဆိုင်နေရပြီး ဝန်ဆောင်မှုများကိုလက်လှမ်းမီနိုင်မှု၊ လူမှုကာကွယ်ရေးနှင့် စီးပွားရေးစွမ်းအင်မြှင့်တင်ပေးခြင်းများအရ တူညီသောလိုအပ်ချက်များရှိနိုင်သည်။ ဖွံ့ဖြိုးဆဲနိုင်ငံများကဲ့သို့ပင် ဖွံ့ဖြိုးပြီးနိုင်ငံများရှိ ကျေးလက်ဒေသစီးပွားရေးဆိုင်ရာများတွင် အမျိုးသားများကို အလေးပေးဂရုစိုက်နေပြီး ကျေးလက်ဖွံ့ဖြိုးရေးမူဝါဒများတွင် အမျိုးသမီးများ၏ လိုအပ်ချက်များနှင့် အခွင့်အရေးများကို အလေးထားမှုအကန့်အသတ်များလည်း ရှိနေနိုင်သည်။ ဖွံ့ဖြိုးပြီးနိုင်ငံများမှ ကျေးလက်နေအမျိုးသမီးများ (ဖွံ့ဖြိုးဆဲနိုင်ငံများမှ ကျေးလက်နေအမျိုးသမီးများအပါအဝင်)သည် ၎င်းတို့၏အခွင့်အရေးများ အပြည့်အဝရရှိခံစားခွင့်ကို မြှင့်တင်ပေးနိုင်မည့်၊ အာမခံပေးနိုင်ခြင်းကို အဓိကထားရည်ရွယ်သည့် မူဝါဒနှင့် လုပ်ငန်းအစီအစဉ်များကို လိုအပ်နေဆဲဖြစ်သည်။ ရှေ့တွင်ရှိသောအခန်းကဏ္ဍများ တွင်ပေးထားသော ထောက်ခံတိုက်တွန်းချက်များသည် ဖွံ့ဖြိုးပြီးနိုင်ငံများရှိ ကျေးလက်နေအမျိုးသမီးများ၏ အခြေအနေများနှင့် ကိုက်ညီသင့်လျော်နေမည်ဖြစ်သော်လည်း အထူးအလေးပေးရန်ထိုက်တန်သည့် တမူထူးခြားသော အကြောင်းအရာများလည်း ရှိနေသေးသည်ဖြစ်သည်။

၈၉. သာဓကအားဖြင့် ဖွံ့ဖြိုးပြီးနိုင်ငံများမှ ကျေးလက်နေအမျိုးသမီးရွှေ့ပြောင်းအလုပ်သမားအများစုသည် စိုက်ပျိုးရေးလုပ်ငန်းများတွင် ခန့်ထားခြင်းခံနေရပြီး မကြာခဏဆိုသလို အကြမ်းဖက်ခြင်းနှင့် ခေါင်းပုံဖြတ်ခြင်းများအပါအဝင် ၎င်းတို့၏လူ့အခွင့်အရေးကို ဆိုးရွားစွာချိုးဖောက်ခြင်းကိုရင်ဆိုင်နေရသည်။ ထို့နည်းတူ ကျန်းမာရေးစောင့်ရှောက်မှုများအပါအဝင် ဝန်ဆောင်မှုများကိုရယူနိုင်ရန် ပိတ်ပင်ပယ်ချခြင်းများ။ ထို့ပြင် ဖွံ့ဖြိုးပြီးနိုင်ငံအများစု၏ တောင်သူလယ်သမားများကို သေးငယ်ပြီးဘေးရောက်သွားစေသည့် စက်မှုလယ်ယာသို့ အရွေ့၏ ကျေးလက်နေအမျိုးသမီးများအပေါ် အချိုးစားမမျှတစွာ အကျိုးသက်ရောက်စေသည်။ ထို့ကြောင့် အသေးစားကုန်ထုတ်လုပ်သူအမျိုးသမီးများ၏ စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးများတွင် ပါဝင်ခွင့်နှင့် အကျိုးအမြတ်ခံစားခွင့်ကို ရရှိစေနိုင်သည့် သမားရိုးကျမဟုတ်သော၊ ကျားမရေးရာ အလေးထားတုံ့ပြန်ဆောင်ရွက်ပေးသည့် စိုက်ပျိုးရေးဆိုင်ရာဖွံ့ဖြိုးရေးလုပ်ငန်းအစီအစဉ်များကို ပံ့ပိုးကူညီပေးရန်နှင့် ထောက်ပံ့ပေးရန်လိုအပ်သည်။ ထို့ပြင် ဖွံ့ဖြိုးပြီးနိုင်ငံများရှိ ကျေးလက်အဖွဲ့အစည်းများသည် လူမှုဝန်ဆောင်မှုများနှင့် ကောင်းမွန်စွာဆက်သွယ်ထားခြင်းနှင့် သယ်ယူပို့ဆောင်ရေး၊ အခြေခံအဆောက်အအုံများ၊ ရေ၊ မိလ္လာစနစ်၊ နည်းပညာ၊ ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှုအစရှိသည်များကို လက်လှမ်းမီနိုင်နေသည်ဖြစ်သော်လည်း ၎င်းကဲ့သို့အခြေအနေများသည် ကျေးလက်နေအဖွဲ့အစည်းများအားလုံးတွင် တူညီစွာရှိနေသည်မဟုတ်ပေ။ နေရာတော်တော်များများတွင် ထိုကဲ့သို့လက်လှမ်းမီနိုင်မှုများသည် သိသာထင်ရှားစွာရှိမနေခြင်းနှင့် ထိုကျေးလက်အဖွဲ့အစည်းအတွင်းတွင် နေထိုင်သည့် အမျိုးသမီးများသည် ၎င်းအခွင့်အရေးများကို မရရှိခြင်းသာမက ရလဒ်အနေဖြင့် စောင့်ရှောက်မှု ပေးရသည့်အလုပ်ဝန်ထုပ်များကိုပါ တိုးလာစေသည်။ သီးခြားဖြစ်နေပြီး ဆင်းရဲမွဲတေမှုဒဏ်ပို၍ မြင့်မားစွာခံစားရဟန်ရှိသော ဒေသခံတိုင်းရင်းသားများအပါဝင် အစွန်အဖျား သို့မဟုတ် အလှမ်းဝေးသည့် ကျေးလက်အဖွဲ့အစည်းများတွင် အထက်ပါအခြေအနေများသည် အထူးသဖြင့် ဖြစ်ပွားသည်။

၉၀. နိုင်ငံတော်သည် အထွေထွေထောက်ခံတိုက်တွန်းချက်၂၆ (၂၀၀၈) "ရွှေ့ပြောင်းအမျိုးသမီးလုပ်သားများ" ကို အကောင်ထည်ဖော်လုပ်ဆောင်သည်မှာ သေချာစေရန် စိုက်ပျိုးရေးကဏ္ဍတွင် ရာသီအလိုက်ရွှေ့ပြောင်းလယ်ယာ အလုပ်သမားများအဖြစ် လုပ်ကိုင်နေသော ကျေးလက်နေအမျိုးသမီးများကို အထူးဂရုစိုက်မှုပေးသင့်သည်။ ထို့ကြောင့် နိုင်ငံတော်သည် ကျေးလက်နေအမျိုးသမီးရွှေ့ပြောင်းလုပ်သားများ၏ အခွင့်အရေးအတွက် အကာကွယ်ပေးဥပဒေများကို သေချာစေခြင်းနှင့် ပြန်လည်ကုစားမှုများကိုလက်လှမ်းမီခြင်း၊ တရားဝင်စာရွက်စာတမ်းအထောက်အထားရှိသည့် ကျေးလက်နေရွှေ့ပြောင်းအမျိုးသမီးလုပ်သား ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ နှစ်ခုစလုံးကို ခွဲခြားဆက်ဆံခြင်း သို့မဟုတ် လိင်ပိုင်းဆိုင်ရာခေါင်းပုံဖြတ်ခြင်းနှင့် အလွဲသုံးစားပြုလုပ်ခြင်းများမှ အကာကွယ်ပေးခြင်းများကို သေချာစေသင့်သည်။

၉၁. နိုင်ငံတော်သည် အသေးစားကုန်ထုတ်လုပ်သူအမျိုးသမီးများ၏ စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးများတွင် ပါဝင်ခွင့်နှင့် အကျိုးအမြတ်ခံစားခွင့်ကိုရရှိစေနိုင်သည့် သမားရိုးကျမဟုတ်သော၊ ကျားမရေးရာ အလေးထား

တုံ့ပြန်ဆောင်ရွက်ပေးသည့် စိုက်ပျိုးရေးဆိုင်ရာဖွံ့ဖြိုးရေး လုပ်ငန်းအစီအစဉ်များကို ပံ့ပိုးကူညီပေးရန်နှင့် ထောက်ပံ့ပေးသင့်သည်။ ထိုကဲ့သို့သောလုပ်ငန်းအစီစဉ်များကို အမျိုးသမီးဦးစီးနေသော လယ်ယာများနှင့် တောင်သူလယ်သမားအဖြစ် လုပ်ဆောင်နေသောအမျိုးသမီးများကို ပံ့ပိုးပေးသင့်ပြီး အမျိုးသမီးများ၏ ရှေးရိုးစဉ်ဆက်လယ်ယာစိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်များကို မြှင့်တင်ပေးသင့်သည်။

၉၂. နိုင်ငံတော်သည် ကျေးလက်နေအမျိုးသမီးများ၊ အထူးသဖြင့် ဒေသခံတိုင်းရင်းသူများ၊ ပို၍ဆင်းရဲမွဲတေ၊ ပို၍သီးခြားဖြစ်ပြီး လူမှုဝန်ဆောင်မှုများရရှိရန် အဆက်သွယ်နည်းပါးရှိသော အစွန်အဖျားဒေသများတွင်နေထိုင်သူများ၏ ဘဝနေထိုင်မှုအခြေအနေများကို ပိုမိုကောင်းမွန်လာစေရန်လုပ်ဆောင်သင့်သည်။ နိုင်ငံတော်သည် ထိုကျေးလက်အဖွဲ့အစည်းအတွင်းရှိ ကျေးလက်နေအမျိုးသမီးများပါဝင်ရေးဆွဲ၊ အကောင်ထည်ဖော်ထားသည့် ကျေးလက်ဖွံ့ဖြိုးရေးအစီစဉ်များကို ၎င်းကျေးရွာအဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်မှုအတွက် ဦးစားပေးလုပ်ဆောင်သင့်သည်။

## ၅။ ကျေးလက်နေအမျိုးသမီးများ၏အခြေအနေအချက်အလက်များ

၉၃. စာချုပ်ပါကျေးလက်နေအမျိုးသမီးများ၏ အခွင့်အရေးများကို လုံလောက်သော စောင့်ကြည့်စစ်ဆေးမှုနှင့် လုပ်ဆောင်စေမှုကို တားဆီးခြင်းကိုဖြစ်စေသော ကျေးလက်နေအမျိုးသမီးများ၏အခြေနေများ အမျိုးစားလိုက် ခွဲခြားစုစည်းထားသောအချက်အလက်များမရှိခြင်းသည် စာချုပ်ပါအပိုဒ်ခွဲ၁၄ကို အကောင်ထည်ဖော်လုပ်ဆောင်ရန် အခြေခံကျသော အခက်အခဲစိန်ခေါ်မှုတစ်ခုဖြစ်သည်။

၉၄. နိုင်ငံတော်သည် ကျေးလက်နေအမျိုးသမီးများ၏အခြေအနေကို လိင်၊ အသက်အရွယ်၊ ပထဝီမြေပြင်အနေအထား၊ မသန်စွမ်းဖြစ်ခြင်း၊ လူမှုစီးပွား၊ လူနည်းစုဖြစ်ခြင်း သို့မဟုတ် အခြားသောအခြေအနေများကို အမျိုးစားအလိုက်ခွဲခြားစုစည်းထားသည့် အချက်အလက်များကို ကောက်ယူခြင်း၊ စီစစ်ခြင်း၊ အသုံးပြုခြင်းနှင့် ဖြန့်ဝေခြင်းများပြုလုပ်သင့်သည်။ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်(SDG) ညွှန်းကိန်းများတွင် အပါအဝင် ထိုအချက်အလက်များကို ယာယီအထူးလုပ်ဆောင်မှုများအပါအဝင် ကျေးလက်နေအမျိုးသမီးများ၏ ဘဝနေထိုင်မှုအဝန်းဝိုင်းတွင် တန်းတူညီမျှရှိမှုကို ရရှိခံစားနိုင်ရန်ရည်ရွယ်သည့် လုပ်ဆောင်မှုများအတွက်ပုံဖော်ရေးဆွဲခြင်းနှင့် သတင်းအချက်အလက်ပေးခြင်းများအတွက် အသုံးပြုသင့်သည်။ ထိုကဲ့သို့သောအချက်အလက်များတွင် သီးသန့်ခွဲခြားဆက်ဆံခြင်းပုံစံများကို အထူးခံစားနေရသော ကျေးလက်နေအမျိုးသမီးအဖွဲ့အပါအဝင် ကျေးလက်နေအမျိုးသမီးများ၏ အခြေအနေအကြောင်းရာသတင်းအချက်အလက်များနှင့် ၎င်းတို့၏အခွင့်အရေးများကိုလက်လှမ်းမီနိုင်ရန် အထူးသဖြင့် အတားအဆီးဖြစ် နေသောအရာများ ၏အချက်အလက်များပါဝင်သင့်သည်။

## ၆။ ထိန်ချန်ခြင်း/ထုတ်ပြန်ကြေငြာခြင်း

၉၅. မည်သည့်စာချုပ်ပါအပိုဒ်ခွဲများမဆို၊ အထူးသဖြင့် စာချုပ်ပါအပိုဒ်ခွဲ ၂(စ)၊ ၅(က)၊ ၇၊ ၉၊ ၁၄၊ ၁၅ နှင့်၁၆ ကိုထိမ်ချန်ခြင်းသည် ကျေးလက်နေအမျိုးသမီးများအပေါ် မမျှတသောအကျိုးဆက်များရရှိစေနိုင်သည်။ ဥပမာအားဖြင့် ၎င်းတို့၏ ဆက်ခံခြင်း၊ အမွေရယူခြင်းများနှင့်ဆက်စပ်နေသော အိုးအိမ် နေရာ၊ မြေယာ၊ ပိုင်ဆိုင်မှုများ၏အခွင့်အရေးကို အပြည့်အဝရရှိခံစားပိုင်ခွင့်ကို ကန့်သတ်ထားသော သို့မဟုတ် တစ်နည်းအားဖြင့် ဆိုးဝါးစွာထိခိုက်စေသော ထိမ်ချန်ခြင်း၊ ထို့နည်းတူ ၎င်းတို့၏ နိုင်ငံရေးတွင်ပါဝင်ခွင့်ကိုကန့်သတ်ထားသော ထိမ်ချန်ခြင်းများ။

၉၆. ထိမ်ချန်ခြင်းများကိုပါဝင်လုပ်ဆောင်နေသော နိုင်ငံများအနေဖြင့် ၎င်းတို့၏ ကော်မတီကိုတင်သွင်းရသော ကာလအပိုင်းခြားအလိုက်အစီရင်ခံစာများတွင် စာချုပ်တွင်ဖော်ပြထားသော ကျေးလက်နေအမျိုးသမီးများ ၎င်းတို့၏ အခွင့်အရေးများကို အပြည့်အဝရရှိခံစားနိုင်မှုကို ထိုကဲ့သို့ထိမ်ချန်ထားခြင်း၏ ခိုင်မာသောအကျိုးသက်ရောက်မှုများကို ထည့်သွင်းဖော်ပြသင့်ပြီး ၎င်းထိမ်ချန်မှုများကို တတ်နိုင်သမျှအမြန်ဆုံး ဖယ်ထုတ်ပေးမည့်သဘောထားနှင့် ပြန်လည်သုံးသပ်မှုပြုလုပ်မည့် အဆင့်များကိုပါ ဖော်ပြသင့်သည်။

# ၇။ အသိပေးဖြန့်ဝေခြင်း နှင့် အစီရင်ခံတင်ပြခြင်း

၉၇. ကော်မတီသည် နိုင်ငံတော်အနေဖြင့် ဤအထွေထွေထောက်ခံတိုက်တွန်းချက်များကို ဒေသခံနှင့်လူနည်းစုလူမျိုးဘာသာစကားများအပါအဝင် နိုင်ငံသုံးနှင့် ဒေသသုံး ဘာသာစကားများသို့ ဘာသာပြန်ရန်နှင့် အစိုးရဌာနခွဲများအားလုံး အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ မီဒီယာများ၊ ပညာသင်ကြားရာအဝန်းဝိုင်းများနှင့် ကျေးလက်အမျိုးသမီးအဖွဲ့အစည်းများအပါအဝင် အမျိုးသမီးအဖွဲ့အစည်းများထံသို့ ကျယ်ပြန့်စွာဖြန့်ဝေရန်တိုက်တွန်းပါသည်။ ကော်မတီသည် နိုင်ငံတော်အနေဖြင့် နှစ်ကာလအပိုင်းခြားအလိုက် အစီရင်ခံစာတင်သွင်းရန်ပြင်ဆင်ရာတွင်၊ အထူးသဖြင့် စာချုပ်ပါအပိုဒ်ခွဲ ၁၄ အရ အမျိုးသမီးလယ်သမားအဖွဲ့အစည်းများ၊ ကုန်ထုတ်လုပ်သူအစုအဖွဲ့များနှင့် သမဝါယမ အသင်းအဖွဲ့များ အပါအဝင် ကျေးလက်ဒေသရှိ အမျိုးသမီးအဖွဲ့အစည်းများနှင့် တိုင်ပင်ဆွေးနွေးရန် ညွှန်ကြားပါသည်။